# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၈၉)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ၁၅-၆-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှု

**နီလာအရိုင်းတုံးကြီးသည် အလေးချိန် ၁၄၃၀၀ ဂရမ်(၇၁၅၀၀ ကရက်)ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီးရှားပါး**

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ပြည်သူများတစ်ခဲနက် ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရ ဖွဲ့စည်းတာဝန်ယူပြီးနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်မှုဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနေချိန်တွင် ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိခဲ့သည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီး အလေးချိန် ၁၄၃၀၀ ဂရမ်(၇၁၅၀၀ ကရက်)နှင့် နီလာပုံဆောင်ခဲ ၃၅၄ ဒသမ ၇၇ ဂရမ်(၁၇၇၃ ဒသမ ၈၅ ကရက်)တို့အား နိုင်ငံတော်ထံသို့ လာရောက်အပ်နှံခဲ့သည်။

စာမျက်နှာ ၃ သို့ ❑



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် နီလာအရိုင်းတုံးကြီးအား ကြည့်ရှုစဉ်။

## မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် အလားအလာကောင်းမွန်သော သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များကို မြန်မာ့ကမ်းလွန်စီမံကိန်းများမှ ထုတ်ယူလျက်ရှိပြီး လက်ရှိထုတ်လုပ်နေသည့် စီမံကိန်းများတည်ရှိနေသော ရေတိမ်ပိုင်းကမ်းလွန်ဒေသများအပြင် ရေနက်ပိုင်းကမ်းလွန်ဒေသများတွင်လည်း ကြီးမားသော သဘာဝဓာတ်ငွေ့ ခိုအောင်းမှုများရှိနေသည်ဟု ဘူမိဗေဒပညာရှင်များက ပင်လယ်ရေအောက်တွင် တည်ရှိနေသည့် သဲကြောများအား 3D Seismic ပြုလုပ်၍ ရရှိလာသည့် အချက်အလက်များနှင့် စမ်းသပ်တူးဖော်ခဲ့သော ရှာဖွေရေးတွင်းများ၏ ရလဒ်များကို အခြေပြု၍ အတည်ပြုကြသည်။

စာမျက်နှာ ၃ သို့ ⌘

## ကလေးဆေးရုံကြီး(ရန်ကုန်)၌ ရင်ချင်းဆက် အမြွှာကလေးများ အောင်မြင်စွာ ခွဲစိတ်ကုသ

**နေပြည်တော် ဇွန် ၁၄**

ကလေးဆေးရုံကြီး(ရန်ကုန်)၌ အသက်(၂)နှစ်(၅)လအရွယ်ရှိ ရင်ချင်းဆက်အမြွှာမိန်းကလေးများဖြစ်ကြသည့် မကြည်ညိုသင်းနှင့် မကြည်ညိုသိမ့်တို့အား ခွဲစိတ်ကုသမှု(Separation Surgery)ကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှစတင်ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီ ၃၅ မိနစ်ကြာ ဆောင်ရွက်၍ ကလေးများ၏ ကျန်းမာရေးအခြေအနေတည်ငြိမ်ကောင်းမွန်မှုကြောင့် အထူးကြပ်မတ်ကုသဌာနတွင် စောင့်ကြည့်ကုသလျက်ရှိသည်။

စာမျက်နှာ ၃ သို့ ■




**ယနေ့ ဖတ်စရာ အညွှန်း**

**ဦးနှောက်နှင့် အာရုံကြောဆက်နွယ်မှုအသစ်တွေ့ရှိ၊ စိုးရိမ်သောကရောဂါကို ပရိဘိုင်အိုတစ်ဖြင့် ကုသနိုင်တော့မည်**

စာမျက်နှာ ၇

**အရှေ့အလယ်ပိုင်း ပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိ**

စာမျက်နှာ ၈


**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဇွန် ၁၄**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိ

သစ်ပင်ဂေဟာစနစ် စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ နေပြည်တော် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး(၁၆)မျိုး၊ အပင်ပေါင်း(၃၀၀၀)ပင်ကို စိုက်ပျိုးခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ်များတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း (၅၄၈၁၀)ပင် စိုက်ပျိုးသွားမည်ဖြစ်သည်။ မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပြည့်စုံစွာရှိနေကြောင်း၊ အမျိုးအစားစုံလင်လှသည့် ဂေဟာစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်သာယာပြောမှုနှင့် ရာသီဥတုသမမျှတစေမှုတို့အတွက် ရေခံမြေခံအခြေခံကောင်းများဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအားလုံးရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟာစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟာစနစ်များ ထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ မြန်မာနိုင်ငံအလယ်ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရပြီး အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့်အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ ပေါင်းစပ်သက်ရောက်လာသည်ကို ခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၁၃ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ပလွေးကြီးဝိုင်း၊ အကွက်အမှတ်(၁)တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ်မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ပြောကြားသည်။

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ရှမ်းတောင်ဦးကျေးရွာ၌ ရက် (၁၀၀)စီမံချက် VDP ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် အဖွဲ့ဝင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို နိုင်ငံတော်မတည်ရန်ပုံငွေကျပ် ၁၅ ဒသမ ၀၀ သန်း၊ ပြည်သူထည့်ဝင်ငွေနှင့် လုပ်အားတန်ဖိုးငွေကျပ် ၄ ဒသမ ၁၀ သန်း အကုန်အကျခံပြီး လမ်းအရှည် ပေ ၆၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပြီးစီးပါက အိမ်ခြေ ၂၅၅ အိမ်၊ အိမ်ထောင်စု ၄၂၅ စု၊ လူဦးရေ ၁၄၂၃ ဦးတို့အတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူနာပြုသိပ္ပံ (မန္တလေး)သို့ ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၄**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခဒေါက်တာ တင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက သူနာပြုသိပ္ပံ (မန္တလေး) သို့ ရောက်ရှိကာ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးထပ် အုပ်ချုပ်ရေးဆောင် တည်ဆောက်ရေးလုပ်ငန်း၊ စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူ လက်တွေ့သင်ကြားရေးခန်းများ Skill Lab၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စားဖိုဆောင်နှင့် ထမင်းစားဆောင်၊ သင်တန်းသား၊ သင်တန်းသူအဆောင်နှင့် ဆိုင်းဘုတ်တည်ဆောက်ရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငါးထပ်ဆောင် မြေညီထပ် ဘက်စုံသုံးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများက သူနာပြုသိပ္ပံ (မန္တလေး) သင်ကြားရေး ဆရာများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စီမံရေးရာကိစ္စများ၊ သင်ကြားရေးရာကိစ္စများ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့် သူနာပြုကျင့်ဝတ်များကို လေးစားလိုက်နာရန်မှာကြားပြီး လိုအပ်သည်များကို ဒေသဆိုင်ရာအဖွဲ့စည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် ကန်တော့

**မန္တလေး ဇွန် ၁၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းကိုယ်စား ချမ်းအေးသာစံမြို့နယ်စာရေးဆရာ အသင်းအမှုဆောင်တို့သည် မန္တလေးမြို့မှ သက်ကြီးကန်တော့ခံ စာပေပညာရှင်များနှစ်ဦးအား ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက်သွားရောက်ကန်တော့ခဲ့ကြသည်။

ဦးစွာ ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်းမှ အတွင်းရေးမှူး စိုင်းအောင်မိန်း( မိုတိုင်း)၊ ဘဏ္ဍာရေးမှူးနုနုကြည်(အမေ့အိမ်)၊ အမှုဆောင်သွယ်အောင်၊ အကြံပေးပုဂ္ဂိုလ်တင်မောင်(မိုးသောက်ကြယ်)၊ အဖွဲ့ဝင်ဥုး(မန္တလေး)နှင့် သျှန်ငွေး(ဗုဒ္ဓစာပန်းချီ)တို့သည် မန္တလေးချမ်းအေးသာစံမြို့နယ် ၂၉လမ်းနှင့် လမ်း ၃၀ကြား၊ ၆၂လမ်းရှိ သက်ကြီးစာပေပညာရှင်အသင်းနာယက ဒေါ်အေးအေးခိုင်(အေးအေးခိုင်-ပညာရေး)၏နေအိမ်နှင့် လမ်း ၉၀နှင့် ၂၆လမ်းထောင့်နေ သက်ကြီးကန်တော့ခံ ဦးဟန်သောင်း၏နေအိမ်တို့တွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံစာရေးဆရာ အသင်းကိုယ်စားကန်တော့ခံ သက်ကြီးစာပေပညာရှင်များအားတစ်ဦး လျှင်ကျပ် ၂၅၀၀၀၀ စီ အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြရာ ကန်တော့ခံများက လက်ခံရယူကြပြီး ကျေးဇူးတင်ဆုပေးစကား ပြန်လည်ပြောကြားကာ နံနက်စာနှင့် အအေး-ကော်ဖီ၊ မုန့်တို့ဖြင့်ဧည့်ခံခဲ့ကြသည်။ ယင်းနောက်အသင်း နာယက ဒေါ်အေးအေးခိုင်(အေးအေးခိုင်-ပညာရေး)က မြို့နယ်အသင်းသို့ ရန်ပုံငွေ ကျပ် ၁၀၀ ၀၀၀ ထည့်ဝင်လှူဒါန်းခဲ့ရာ အတွင်းရေးမှူး စိုင်းအောင်မိန်း(မိုတိုင်း)မှ လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

❑ ရွှေ့ဖုံးမှ

အဆိုပါ နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့အား ကြည့်ရှုစစ်ဆေးကြသည်။

ယခင် ၂၀၀၉ ခုနှစ်တွင် အလေးချိန် ၁၁၈၇၇ ဂရမ် (၅၉၃၈၅ ကရက်) ရှိသော နီလာအရိုင်းတုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုနီလာအရိုင်းတုံးကြီးသည် အလေးချိန် ဂရမ် ၁၄၃၀၀ (ကရက် ၇၁၅၀၀) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီးရှားပါးကြောင်း၊ အပြာရင့်ရောင်ဖြစ်ပြီး အလင်းပေါက်မှုအနေဖြင့် အလင်းမှုန်အဆင့်ရှိပြီး ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် နီလာအရိုင်းတုံးကြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော နီလာအရိုင်းတုံးကြီးနှင့် နီလာပုံဆောင်ခဲတို့ကို တွေ့ရစဉ်။

■ ကလေးဆေးရုံကြီးမှ

အဆိုပါ ကလေးငယ်များသည် ပခုက္ကူမြို့နေ အသက် (၃၁)နှစ်အရွယ် မိခင်မှ ဒုတိယမြောက်ကိုယ်ဝန်အဖြစ် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး) သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် လာရောက်ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားပြီးချိန်မှစ၍ ခုတင်-(၅၅၀) ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)တွင် ထားရှိကာ အသက် (၆)လ အရွယ်တွင် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး - ရန်ကုန် (ရန်ကင်း)၌ ထားရှိပြီး ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ထိုသို့ ပြုစုစောင့်ရှောက်ချိန်တစ်လျှောက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မန္တလေးနှင့် ရန်ကုန်မှ ဆေးရုံအုပ်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ခွဲစိတ်ကုသမှုဆောင်ရွက်မည့် ကလေးဆေးရုံကြီး (ရန်ကုန်)၌ ပြောင်းရွှေ့၍ လိုအပ်သည်များပြင်ဆင်ခဲ့ပြီး ဇွန် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှု၊ ကလေးဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦး၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် ခွဲစိတ်ကုသမှုအဖွဲ့(၁)တွင် ကလေးဆေးရုံကြီး(ရန်ကုန်)မှ ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညိုညိုဝင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဖုန်းမြင့် ခေါင်းဆောင်သောအဖွဲ့၊ ခွဲစိတ်ကုသမှု အဖွဲ့(၂)တွင် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး (မန္တလေး) မှ ပါမောက္ခ ဒေါက်တာမြမြလှိုင်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမြစိုး ခေါင်းဆောင်သောအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (ကလေးကျန်းမာ) ပါမောက္ခ ဒေါက်တာသဇင်မွန် ခေါင်းဆောင်သော ကလေးဆေးရုံကြီး(ရန်ကုန်)နှင့် ခုတင်(၅၅၀) ဆံ့ ကလေးဆေးရုံကြီး - ရန်ကုန် (ရန်ကင်း)တို့မှ ကလေးအထူးကုအဖွဲ့၊ သူနာပြုအုပ် ဒေါ်မိုးယုယုခိုင် ခေါင်းဆောင်သော သူနာပြုများအဖွဲ့နှင့် အငြိမ်းစား ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး (ခွဲစိတ်) ပါမောက္ခဒေါက်တာမိုးမိုးတင်၊ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခဒေါက်တာဝင်းဝင်းကျော်နှင့် ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) ပါမောက္ခ ဒေါက်တာစိုင်းအောင်ညွှန့်ဦးတို့ အားလုံးစုပေါင်းအင်အားဖြင့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးဆေးရုံကြီး (ရန်ကုန်)တွင် ယခုခွဲစိတ်ကုသမှုအပါအဝင် ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှု ကိုးကြိမ်၊ ကလေးဆေးရုံကြီး (မန္တလေး)တွင် သုံးကြိမ်ကို ပြည်ပပညာရှင်များ ပါဝင်ခြင်းမရှိဘဲ ပြည်တွင်းမှ ဆေးပညာရှင်များဖြင့် ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**



# ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျ ရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြား ထွန်လိုက်ခြင်းသရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် နှမ်းသီးနှံ စံပြကွက်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်းသရုပ်ပြပွဲကို ဇွန် ၁၃ ရက် ညနေ ၄ နာရီက ပန်းတိမ်ကုန်းကျေးရွာ ကွင်းအမှတ် ၁၀၅၄ ရှိ တောင်သူ ဦးမောင်ရွှေ၏ မိုးနှမ်း (စိန်ခို)စိုက်ဧက နှစ်ဧကတွင် ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

၄င်းနောက် စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်၊ မိတ္ထီလာခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေ၊ မိတ္ထီလာမြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက နှမ်းသီးနှံ (စိန်ခို)စံပြကွက်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တစ်အချိုးသုံး အချိုးကျ ရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြား ထွန်လိုက်ခြင်း သရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့သည်။

၄င်းအပြင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တစ်အချိုးသုံး အချိုးကျ ရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြား ထွန်လိုက်ခြင်းသရုပ်ပြပွဲကို ကန်တောင်ကျေးရွာအုပ်စု ပန်းတိမ်ကုန်းကျေးရွာ ကွင်းအမှတ် ၁၀၅၄ ရှိ တောင်သူ ဦးတင်ဝင်း၏ စိုက်ဧက နှစ် ဧက၊ တောင်သူ ဦးရာဇာလင်း၏ စိုက်ဧက နှစ်ဧကနှင့် တောင်သူ ဦးဖိုးကောင်း၏ စိုက်ဧက တစ်ဧကတို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(၄၆၉)**



ကျန်းမာ စိတ်ရွှင် ကြည်လင်ချင်

အချိန်ရှိခိုက် သစ်ပင်စိုက်။

⌘ မြန်မာ့ကမ်းလွန်မှ

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် ကမ်းလွန်စီမံကိန်းလေးခုကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှု အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့များကို အသုံးပြုလျက်ရှိရာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

ယခုအခါစီမံကိန်းအသစ်လေးခုကို ထပ်မံဖော်ဆောင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းလေးခုအနက် ရှောဝတီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့် စီမံကိန်းနှင့် တနင်္သာရီကမ်းလွန်ဒေသတွင် ဖော်ဆောင်နေသည့်စီမံကိန်းတို့သည် ဓာတ်ငွေ့သိုက်ပမာဏကြီးမားပြီး အလားအလာကောင်းသော စီမံကိန်းများဖြစ်သည်။

ရှောဝတီကမ်းလွန်ဒေသလုပ်ကွက် စီမံကိန်းသည် ရှောဝတီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး အစမ်းတွင်းနှင့် အတည်ပြုတွင်းများတူးဖော်၍ ရာနှုန်းပြည့်သေချာမှုရှိသည့် သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေအထိ ထွက်ရှိရန် အလားအလာရှိသော ဓာတ်ငွေ့သိုက်ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်သည် တနင်္သာရီကမ်းလွန်ဒေသ ရေနက်ကမ်းလွန်ပိုင်းတွင်တည်ရှိပြီး သဘာဝဓာတ်ငွေ့သိုက်ဟု အတည်ပြုထားကာ သေချာမှု ၉၀ ရာခိုင်နှုန်း(P 90) ပမာဏ ၉၅ ထရီလီယံကုဗပေခန့်ရှိသည်။ အစမ်းတွင်းများ ဆက်လက်တူးဖော်မည်ဖြစ်ရာ ဓာတ်ငွေ့ခိုအောင်းနေမှုပမာဏကို တိကျသေချာစွာ သိရှိပါက စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့ ရွှေနုတ်ကယ်တင်ခြင်း ယာယီတိမ်းရှောင်စခန်း၌ စခန်း(၉)ခုမှ အိမ်ထောင်စုများအား တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇွန် ၁၄

ပြည်ထောင်စု အတိုင်ပင်ခံ ကောင်စီဝင် ဒေါ်ဒွဲဘူသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေဧရိယာအတွင်း ယာယီတိမ်းရှောင်စခန်းများ ဖွင့်လှစ်၍ ခိုလှုံနေထိုင်လျက်ရှိသည့် စခန်း(၉)ခုမှ အိမ်ထောင်စုများအား ရွှေနုတ်ကယ်တင်ခြင်း ယာယီတိမ်းရှောင်စခန်း ခန်းမဆောင်၌ တွေ့ဆုံအားပေး ထောက်ပံ့သည်။



### ထောက်ပံ့ပေးအပ်

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စု အတိုင်ပင်ခံ ကောင်စီဝင်က ငြိမ်းချမ်းရေးနှင့် နေရပ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် အားလုံး ဝိုင်းဝန်းပူးပေါင်းကြရန် လိုအပ်ကြောင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝိုင်းမော်၊ ချီဖွေ၊ ဗန်းမော်မြို့နယ်တို့မှ ခိုလှုံနေထိုင်လျက်ရှိသည့် စခန်း(၉)ခုမှ အိမ်ထောင်စု ၆၀၉ စုအတွက် ဆန် ၂၄ ပြည်ပါ အိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ခံတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စခန်းနေမိသားစုများ၏ လိုအပ်ချက်များကို တင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စု အတိုင်ပင်ခံ ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအမျိုးသား-အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဇွန် ၁၆ ရက်တွင် ကျင်းပမည်

တောင်ကြီး ဇွန် ၁၄


၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသား-အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုအဆင့်ပွဲစဉ်များ တောင်ကြီးမြို့ ပြည်နယ်အားကစားခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပအပြီးတွင် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ပြိုင်ပွဲဝင်အမျိုးသား-အမျိုးသမီး အသင်းအုပ်ချုပ်သူ တာဝန်ရှိသူများက ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်များကို မဲနှိုက်ရေးဆွဲခဲ့ကြသည်။

အဆိုပါ ဇွန် ၁၆ ရက် နံနက်ပိုင်း အမျိုးသမီးကွာတားဖိုင်နယ် ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ပါဝင်ကြပြီး အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် ဇွန် ၁၇ ရက် အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်တို့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ အသီးသီးပါဝင်ကြကာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄ဝ)



# ပထမအကြိမ် ငှက်ကြည့်ရှုလေ့လာရေးသင်တန်း ဖွင့်လှစ်မည်




သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) မှ ထုတ်ပြန်သည့် ငှက်ကြည့်ခြင်း အကျိုးကျေးဇူးများ ရုပ်ပုံကားချပ်ကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၄

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA)၏ ဗဟိုကော်မတီဝင် ဝါရင့်ပညာရှင် ဆရာဒေါက်တာသိန်းအောင်ကိုယ်တိုင် သင်ကြားပြသပေးမည့် "ပထမအကြိမ် ငှက်ကြည့်ရှုလေ့လာရေးသင်တန်း(Bird Watching Course)"ကို ဇွန်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း FREDA မှ သိရသည်။

ငှက်ဝါသနာရှင်များနှင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအတွက် တက်ရောက်နိုင်မည့် အဆိုပါ သင်တန်းမှာ သင်တန်းကာလအနေဖြင့် ဇွန် ၂၇ ရက်၊ ၂၈ ရက်၊ ဇူလိုင် ၄ ရက်၊ ၅ ရက်တွင် ညနေ ၇ နာရီမှ ည ၉ နာရီအထိ (Zoom Class)သင်ကြားပေးမည်ဖြစ်သည်။

ထို့နောက် လက်တွေ့ကွင်းဆင်းလေ့လာခြင်းအနေဖြင့် လှော်ကား သဘာဝဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာများသို့ နေ့ချင်းပြန်နှစ်ရက်သွားရောက် လေ့လာမည်ဖြစ်ပြီး ဇူလိုင်လဒုတိယပတ်အတွင်း သွားရောက်ရန်လျာထားကာ မိုးလေဝသအခြေအနေပေါ်မူတည်၍ သွားမည့်နေ့ရက်အပြောင်းအလဲ အနည်းငယ်ရှိနိုင်ကြောင်း သိရသည်။

သင်တန်းတွင် စာတွေ့သာမက လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ပါဝင်မည်ဖြစ်သောကြောင့် ငှက်မျိုးစိတ်များ အကြောင်းကို စနစ်တကျနှင့် ပျော်ရွှင်စွာ လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ နေ့လယ်စာ ကျွေးမွေးမည်ဖြစ်ပြီး သင်တန်းကြေးငွေကျပ်နှစ်သိန်းကို (K-Pay) Account Name - WAR WAR KHINE,ဖုန်း ၀၉-၄၄၅၅၄၂၃၇၃သို့ စာရင်းပေးသွင်းနိုင်ကာ zoom link ကို သင်တန်းမစတင်မီ ငါးရက်အလို ID/Passcode ကို ချပေးမည်ဖြစ်ကြောင်း ဖရီဒါအသင်းမှ သိရသည်။

MT

# အိမ်သုံးမီတာများ တရားမဝင်သုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော Check Meter နှင့် အိမ်သုံးမီတာများ တရားမဝင်သုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က မြင်းကန်ကျေးရွာအုပ်စုနှင့် သီးကုန်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် မီတာဖတ်စာရေးများ၊ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြင်းကန်ကျေးရွာအုပ်စုအတွင်းရှိ မြင်းကန်၊ ဆင်စလွယ်၊ ဆည်ကုန်းကျေးရွာနှင့် သီးကုန်းကျေးရွာအုပ်စု သီးကုန်းကျေးရွာများတွင် တပ်ဆင်အသုံးပြုနေသော Check Meter နှင့် အိမ်သုံးမီတာများ၏ ယူနစ်ဖတ်ချက်များ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ တရားမဝင်သုံးစွဲမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၆၉)

# အစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်နှင့် မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ဟိုပုံး ဇွန် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ အစားထိုး သီးနှံမျိုးစေ့၊ ပျိုးပင်နှင့် မြေဩဇာထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက အစားထိုး သီးနှံပေးအပ်ရခြင်း ရည်ရွယ်ချက်မှာ ဒေသ အတွင်းဘိန်းစိုက်ပျိုးမှုလျော့နည်းလာစေရန်၊ စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန်၊ ဈေးကွက်ဝင် အထွက်နှုန်းကောင်းသော သီးနှံများ ပြောင်းလဲစိုက်ပျိုးလာစေရန်၊ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်စေရန်ဖြစ်ကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စငေါ်ကျေးရွာအုပ်စုနှင့် ဖက်ရမ်း ကျေးရွာအုပ်စုရှိ တောင်သူများအား ရွှေရင်အေးစပါးမျိုး ၁၃၀ ကီလို၊ CP 808 ပြောင်းမျိုးစေ့ ၁၂၅ ကီလို၊ ကော်ဖီပျိုးပင် ၃၀၀၀ ပင်၊ ပိုက်ဆံလျှော်မျိုးစေ့ ၂၀ ပြည်နှင့် ဆေးဖြန်းရာတွင် အသုံးပြုသည့် ဝတ်စုံ ၂၀ စုံနှင့် သဘာဝ မြေဩဇာ အိတ် ၂၀ တို့ကို အသီးသီးပေးအပ်သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးသည် တောင်သူများအား EM 5 ဖျော်ရည်ပြုလုပ်သုံးစွဲနည်း၊ သစ်စိမ်းမြေဩဇာ စိုက်ပျိုးရေးဦးစီးဌာန ပြုလုပ်သုံးစွဲနည်း၊ မျိုးစေ့ချကိရိယာ(Drum Seeder)အသုံးပြုနည်းများနှင့် ကော်ဖီပင်စိုက်ပျိုးနည်းများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မန္တလေးနေ့စဉ် ၅)



# မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သစ်(ပထမ)အကြိမ် သြဝါဒခံယူ

**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သစ်သည် သြဝါဒါစရိယဆရာတော်ကြီးများထံမှ (ပထမ)အကြိမ် သြဝါဒခံယူပွဲကို ဇွန် ၁၃ ရက်၊ ညနေ ၄ နာရီတွင် မဟာမုနိရင်ပြင်တော် ပြည်ပလှူဖွယ် ပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မဟာမုနိဂေါပကအဖွဲ့သစ်၏ (ပထမ)အကြိမ် သြဝါဒခံယူပွဲအခမ်းအနားကို ဆရာတော်ကြီးများက ဦးဆောင်လျက် နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ သဘာပတိဆရာတော်ကြီးဖြစ်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာမုနိဂေါပကအဖွဲ့သစ် ဥက္ကဋ္ဌဦးကျော်ဆန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂေါပကအဖွဲ့သစ် ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် မဟာမုနိဘုရားကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြလျှောက်ထားကာ သဘာပတိဆရာတော်ကြီး၊ ဥက္ကဋ္ဌတိုင်းဒေသကြီးသံဃနာယကအဖွဲ့(ငှက်တွင်း)၊ နဂါးပရိယတ္တိစာသင်တိုက်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌသာရ၊ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့(သုဓမ္မာ)၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ကြီးတို့ထံမှ သြဝါဒများခံယူကြကာလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြ၍ သြဝါဒခံယူပွဲကို အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**





# မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ တွေ့ဆုံ

**ပုသိမ်ကြီး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့သည် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၊ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များနှင့် တွေ့ဆုံပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ မြို့နယ်အတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်များ၊ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြို့နယ်အတွင်းရှိ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန် အသုံးပြုနေမှုများနှင့် ပတ်သက်၍ ထုတ်ပြန်ထားရှိသည့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံပိုင်သတင်းစာများတွင်လည်း အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်များ ဖော်ပြထားရှိကြောင်း၊ အွန်လိုင်းတွင် လယ်ယာမြေများပေါ်၌ အကွက်ရိုက် ရောင်းချနေသည့် ကိစ္စများနှင့် ပတ်သက်၍ ထိထိရောက်ရောက်တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ မြေတိုင်းစာရေးများ အနေဖြင့် မိမိတို့နယ်မြေအတွင်းရှိ မြေယာများပေါ်တွင် ကျူးလွန်အသုံးပြုမှုများသိရှိရေး၊ ငွေကြေးကိစ္စများတွင် ပါဝင်ပတ်သက်မှု မရှိစေရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် ကျူးလွန်ပါက ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း၊ အိမ်ခြံမြေ အကျိုးဆောင်များမှလည်း တရားမဝင် မြေယာရောင်းဝယ်မှုများ မဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပါက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

(ဝဲပုံ)

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း က လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်အသုံးပြုနေမှုများနှင့် ပတ်သက်၍ ပုသိမ်ကြီးမြို့နယ်တွင် ဥပဒေ ထုတ်ပြန်ထားရှိပြီး ကျူးလွန်ဆောင်ရွက်နေသူများအား တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကျန်ရှိနေသည့် ကျူးလွန်ဆောင်ရွက်နေသူများအား တရားစွဲဆိုရန် ဆောင်ရွက်ထားရှိကြောင်းနှင့် ထပ်မံကျူးလွန် ဆောင်ရွက်နေသူများအား ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(စာနည်းကိုကို ပြန်/ဆက်)**

၀-၀-၀-၀-၀

# မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မကွေး ဇွန် ၁၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ၁/၂၀၂၆ မှ လမ်းညွှန်မှာကြားချက်များထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ HYBRID စနစ်ဖြင့်ကျင်းပခဲ့ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ဒေသတွင်း ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်အေးအေးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၏ အဓိကလုပ်ငန်းတာဝန်နှင့် စစ်ဆေးရေးစွမ်းဆောင်ရည်မြင့်မားရေးအထူး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ဆောင်ပုဒ်များကို အလေးထားဂရုပြု၍ စစ်ဆေးရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း ဒေသစာရင်းစစ်ရုံးများမှ တာဝန်ခံအရာရှိများက ဝန်ထမ်းရေးရာ၊ စီမံရေးရာကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ တင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး စာရင်းစစ်ချုပ်က လမ်းညွှန်မှာကြားခဲ့ကာ ဝန်ထမ်းများ၏ ပညာသင်ယူနေဆဲ သားသမီး ၂၉ ဦးအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀



# ရွှေကွမ်းတောင်ဘုရားဝင်းနှင့် ဘုရားဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မြစ်သား ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေကွမ်းတောင်ဘုရားဝင်းနှင့် ဘုရားဘေးပတ် ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ဇွန် ၁၃ ရက် နံနက် ၆ နာရီခွဲက အဆိုပါ ဘုရားဝင်းတွင် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့သည်။


စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြစ်သား မြို့မရဲစခန်းမှူး ဒုရဲမှူး လင်းလင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့မှ တပ်ခွဲမှူး ဦးထက်ထက်ဟန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ရွှေကွမ်းတောင်ဘုရားဝင်းနှင့် ဘုရားဘေးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ၊ မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသောအမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြစ်သား မြို့မရဲစခန်းမှူး ဒုရဲမှူး လင်းလင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့မှ တပ်ခွဲမှူး ဦးထက်ထက်ဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ထမ်းများ စုစုပေါင်းအင်အား ၈၀ ဦးတို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

၀-၀-၀



## ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ စလင်းဝိဘဇ္ဇဝါဒီကျောင်း ပဓာန နာယက ဆရာတော် နိုင်ငံတော် သံဃာ့မဟာနာယက၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ ကြီးမှူး ကျင်းပသော ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲ ဖြေဆိုခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

"ကစ္စည်းသဒ္ဒါကျမ်းသည် စနစ်တကျသင်ယူခဲ့သော် စာချတန်း နားလည်ရန်နှင့် ပါဠိစာပေကျမ်းကျင်စွာ သင်ယူတတ်မြောက်နိုင်ရန်အတွက် အကောင်းဆုံး ကျမ်းတစ်စောင်ဖြစ်သည်ကို အတွေ့အကြုံအရ သိရှိရပါတယ်။ ယခုခေတ် စာသင်သားများ၊စာချတန်းများ လွယ်လွယ်ကူကူ နားလည်နိုင်စေရန်၊ ပါဠိစာပေကို ပညာရှင်အနေဖြင့် တတ်မြောက်နိုင်စေရန်၊ ကစ္စည်းသဒ္ဒါကျမ်း မပျောက်ကွယ်ရန် ရည်သန်၍ ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲ ကျင်းပခြင်း"ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ အဆင့်ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက် အကြိမ်များစွာ ဖြေဆိုခွင့်ပြုထားပြီး ပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့် အောင်မြင်ပါက "ကစ္စာယနဝေယျာကရဏကပဏ္ဍိတ"ဘွဲ့တံဆိပ် ဆက်ကပ်သွားမည်ဖြစ်သည်။

၁၃၈၈ ခုနှစ်၊ နယုန်လကွယ်နေ့ နံနက် ၇ နာရီက ကျင်းပသော စာမေးပွဲ၌ ပထမဆင့် ၂၈ ပါး၊ ဒုတိယဆင့် ၁၃ ပါး၊ တတိယဆင့်ရှစ်ပါး၊ အကြိုတန်း ၃၉ ပါး၊ စုစုပေါင်း ၈၈ ပါးတို့က မဟာမင်းထင်ကျောင်းတိုက်၊ မြတောင်ကျောင်း၊ ဖွင့်ဖဦးကျောင်း(မိတ္ထီလာ)၊ စိတ္တသုခကျောင်း(တောင်ခြေ)၊ ဗဟိုစည်သီဂီရိတနာ သီလရှင်ကျောင်းတိုက်၊ ဇမ္ဗူသီရိသီလရှင်ကျောင်း၊ ကထိန်တော်ကျောင်းတိုက်၊ မီနန္ဒါသီလရှင်ကျောင်းတိုက်နှင့် စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက်တို့မှ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ချောက်မြို့နယ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ချောက် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် သစ်တောသစ်ပင်များဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သစ်တောပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ ဒေသတွင်း အပူချိန်လျော့ကျလာစေရေးနှင့် သစ်တောသစ်ပင်ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇွန် ၁၃ နံနက် ၇ နာရီခွဲက အမှတ်(၁၅)ရပ်ကွက်၊ ဇီးချိုပင်ဂေါက်ကွင်း၌ ၂၀၂၆ ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များပေးအပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်၊ ခရိုင်ပညာရေးမှူး ဦးမန်းအောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်မှ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူသူအောင်၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးဇော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းတို့အားလည်းကောင်း ပျိုးပင်များကို အသီးသီး ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ စုပေါင်းအင်အား ၂၇၅ ဦးဖြင့် ယင်းမာ အပင် ၁၀၀၊ တမာ အပင် ၂၀၀၊ ကုက္ကိုလ် အပင် ၂၀၀၊ ဖျောက်ဆိပ် အပင် ၂၀၀၊ စုစုပေါင်း ပျိုးပင်ရေ အပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်မိုး(ပြန်/ဆက်)**



## Online Booking စနစ်ဖြင့် နေ့ချင်းပြီး ယာဉ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇွန် ၁၄**

ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်စစ်ဆေးရန် ညအချိန်မှစ၍ ယာဉ်များ တန်းစီစောင့်ဆိုင်းနေကြရာတွင် မော်တော်ယာဉ်မပါဘဲ စက်ဘီး၊ ဆိုင်ကယ်၊ အုတ်ခဲ၊ အခြားပစ္စည်းများဖြင့် နေရာယူထားပြီး နေရာရောင်းစားနေသူများ တွေ့ရှိနေရသည်။

Online Booking ရယူထားသူ ယာဉ်ပိုင်ရှင်များအား အခက်အခဲမရှိ အဆင်ပြေစေရေးအတွက် နေ့ချင်းပြီး ယာဉ်စစ်ဆေးပေးနေပါသဖြင့် နံနက်အချိန်မှသာ ယာဉ်များ ရုံးဝင်းအတွင်း ဝင်ရောက်တန်းစီစေမည်ဖြစ်သဖြင့် ညအချိန်ယာဉ်များ တန်းစီခြင်းနှင့် နေရာရောင်းစားခြင်းများကို ဌာနစုံပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် အမှန်တကယ် ယာဉ်စစ်ဆေးလိုသည့် ယာဉ်ပိုင်ရှင်များအား ကိုယ်ချင်းစာစိတ်ဖြင့် ကူညီဆောင်ရွက်ပေးကြရန်၊ ညအချိန်ယာဉ်များတန်းစီခြင်းနှင့် နေရာရောင်းစားခြင်း မပြုကြရန် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ **(၀၄၅)**



## နန်းယွန်းမြို့တွင် ဈေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**နန်းယွန်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသ၊ နန်းယွန်းမြို့ မြို့မစည်ပင်သာယာဈေးကြီး၊ မြို့ပေါ်(၃)ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များတွင် ဇွန် ၁၂ ရက်က ရှောင်တခင် စစ်ဆေးခဲ့သည်။

သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှု ရှိ၊ မရှိ၊ သက်တမ်းလွန်စားသောက်ကုန်များနှင့် ဆေးဝါးပစ္စည်းများကို ရှောင်တခင် စစ်ဆေးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ရှောင်တခင်စစ်ဆေးရာတွင် နန်းယွန်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့များက မြို့မဈေးကြီးနှင့် မြို့ပေါ်(၃)ရပ်ကွက်ရှိ ဈေးဆိုင်များတွင် ကုန်ပစ္စည်းများကို ကုန်ညွှန်းအမှတ်သားများပါရှိမှု ရှိ၊ မရှိ၊ သက်တမ်းလွန်ခြင်း ရှိ၊ မရှိ၊ ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှု ရှိ၊ မရှိ၊ ဆေးဝါးပစ္စည်းများနှင့် မြို့နယ်အတွင်းရှိ ဈေးဆိုင်များ ပြတ်လပ်မှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

ထို့သို့ ရှောင်တခင် စစ်ဆေးရင်း အများပြည်သူများ သိရှိစေရန် အသိပညာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(၃၉၄)**

## ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**စစ်ကိုင်း ဇွန် ၁၄**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေမြင့်က ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှုများအကြောင်း၊ ကလေးအလုပ်သမား အများဆုံးရှိသောကဏ္ဍ(လုပ်ငန်းခွင်)၊ကလေးအလုပ်သမားများအတွက် အကာအကွယ်ပေးထားသည့်ဥပဒေများ၊ ကလေးအလုပ်သမားခေါ်ယူခိုင်းစေလျှင် ချမှတ်ခံရနိုင်သော ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းများအပေါ် အမြင်နှင့်သုံးသပ်ချက်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အေးငြိမ်းစံ(ပြန်/ဆက်)**




## လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောမကျေးရွာအုပ်စု၊ မကျီးပင်ပုကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ)သင်တန်းဆင်းပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး တက်ရောက်လာသော သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မကျီးပင်ပုကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက ဆပ်ပြာအမျိုးမျိုးပြုလုပ်နည်းများကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဆက်လူ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS ကို Mexico ပညာရေးဝန်ကြီးက ဂုဏ်ပြုရေးသားခဲ့

Mexico ပညာရေးဝန်ကြီးက ကမ္ဘာလှည့်ဖျော်ဖြေပွဲကျင်းပခဲ့သည့် BTS အဖွဲ့ကို သူ၏ Instagram တွင် ရေးသားဂုဏ်ယူထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ရေးသားဂုဏ်ယူမှုတွင် စောင့်မျှော်နေသည့်အချိန် ရောက်ရှိခဲ့ပြီး BTS အဖွဲ့ အမျိုးသား နန်းတော်တွင် သမ္မတကြီးနှင့် အတူရှိခဲ့ပြီး Mexico ပရိသတ်ကို နှုတ်ဆက်၍ မြို့တော်မှ လူများ၏ နှလုံးသားကို သိမ်းပိုက်သွားကြကြောင်းနှင့် စတင်ထားသည်။

အဖွဲ့ဝင်ခုနစ်ဦးက ထောင်ချီသည့် ပရိသတ်အိပ်မက်ကို ဖြည့်ဆည်းပေးခဲ့ကာ ချစ်ခြင်းမေတ္တာနှင့် ခရမ်းရောင်လွှင်ပြင်ကြီး ဖန်တီး၍ ဂီတက ယဉ်ကျေးမှုနှင့် မျိုးဆက်သစ်တို့ နှလုံးသားကို တစ်သားတည်းဖြစ်အောင် လုပ်ပေးခဲ့ကြောင်း၊ ဖျော်ဖြေပွဲကို ထပ်တိုးပေးရန် တောင်းဆိုသည့် သမ္မတမှာ သူ့နိုင်ငံသားများ ပျော်ရွှင်မှုနှင့် အိပ်မက်ကို တန်ဖိုးထားသည်ကို နားလည်ခဲ့ကြောင်းတို့ကို ဂုဏ်ပြုရေးသားဖော်ပြထားသည်။

ယင်းပွဲတွင် အဖွဲ့ဝင်များက စပိန်စကားပြောကြားခဲ့ကြကာ သမ္မတ Claudia Sheinbaum ကိုယ်တိုင် ဖိတ်ကြားချက်နှင့် အမျိုးသားနန်းတော်သို့ သွားရောက်လည်ပတ်ပြီး ဂီတမှတစ်ဆင့် လှုံ့ဆော်မှုပေးရုံသာမက လေးစားမှု၊ စာနာမှု၊ ငြိမ်းချမ်းရေး အခြေခံအသိုင်းအဝိုင်းတစ်ခု ဖြစ်ပေါ်လာရန် ကူညီပေး၍ ဂုဏ်ပြုလွှာပေးအပ်ခဲ့ပြီး စီးပွားရေးအရ အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ (SKY)



## ဦးနှောက်နှင့် အူလမ်းကြောင်း ဆက်နွယ်မှုအသစ် တွေ့ရှိ၊ စိုးရိမ်သောကရောဂါကို ပရိုဘိုင်အိုတစ်ဖြင့် ကုသနိုင်တော့မည်

လူသားတို့၏ အူလမ်းကြောင်းနှင့် ဦးနှောက်အကြား ထူးခြားသော ဆက်နွယ်မှုရှိနေကြောင်း ရှာဖွေတွေ့ရှိချက်အသစ်တစ်ခုအရ အနာဂတ်တွင် စိုးရိမ်သောကလက္ခဏာများကို အထူးဖော်စပ်ထားသည့် ပရိုဘိုင်အိုတစ် အကျိုးပြုဘက်တီးရီးယားများဖြင့် ကုသပေးနိုင်တော့မည်ဟု ဆိုသည်။

စင်ကာပူအခြေစိုက် ဂျူအင်န်ယူအက်စ် ဆေးတက္ကသိုလ်နှင့် အမျိုးသားအာရုံကြောသိပ္ပံဌာနတို့မှ သုတေသီများ၏ လေ့လာမှုအရ အူလမ်းကြောင်းရှိ အဏုဇီဝပိုးမွှားများနှင့် စိုးရိမ်သောကဖြစ်ပွားမှုအမှုအရာတို့အကြား ထူးခြားထင်ရှားသော ဆက်နွယ်မှုတစ်ခုရှိနေကြောင်း ထောက်ပြထားသည်။

အမ်ဘို မော်လီကျူးဆေးပညာဂျာနယ်တွင် ဖော်ပြထားသည့် အဆိုပါသုတေသနၶ အူလမ်းကြောင်းဘက်တီးရီးယားများမှ ထုတ်လုပ်သော အချိုသောဒြပ်ပေါင်းများ (အထူးသဖြင့် 'အင်ဒိုးလ်' ဟုခေါ်သည့် မော်လီကျူးများ)သည် ကြောက်ရွံ့မှု၊ စိတ်ဖိစီးမှုနှင့် စိတ်ခံစားမှု မျှတညီညွတ်ခြင်းတို့နှင့် သက်ဆိုင်သည့် ဦးနှောက်၏ လုပ်ဆောင်ချက်များကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိကြောင်း ဖော်ပြထားသည်။

ယခု တွေ့ရှိချက်အရ စိတ်ကျန်းမာရေးဆိုသည်မှာ ဦးနှောက်တစ်ခုတည်းကသာ ထိန်းချုပ်မောင်းနှင်နေခြင်းမဟုတ်ဟု သက်သေပြနေသည့် သုတေသနများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ (SCI)


## Sammy's Children's Day သရုပ်ဆောင်နှစ်ဦး Cannes Film Festival သို့ တက်ရောက်

တရုတ်အနုပညာလောကမှ ထွက်ရှိထားသည့် Drama ဇာတ်ကား Sammy's Children's Day မှ BL သရုပ်ဆောင်နှစ်ဦးဖြစ်သည့် မင်းသားနှစ်ယောက် Cannes Film Festival သို့ တက်ရောက်ဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Drama ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်း ပရိသတ် မှတ်ချက်ကောင်းများ ရရှိခဲ့ပြီး ရေပန်းစားလာခဲ့ရာ မင်းသား He Chang Xi နှင့် He Yan Zhao တို့ နှစ်ဦးမှာ ကြော်ငြာ၊ မဂ္ဂဇင်းများ ဆက်တိုက်ရိုက်ကူးရရုံသာမက မီဒီယာများ၏ စောင့်ကြည့်ခြင်းခံရပြီး အနုပညာခရီး တစ်လျှောက် အကြီးမားဆုံး မှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

မေ ၁၂ ရက်မှ ၂၃ ရက်အထိ ပြင်သစ်နိုင်ငံတွင် ပြုလုပ်သည့် (၇၉)ကြိမ်မြောက် Cannes Film Festival သို့ အတူတက်ရောက်ပြီး Tree For Ambition ရုပ်ရှင်အကြံပြု သံတမန်အဖြစ် မြင်တွေ့ရကာ မေ ၁၅ ရက်တွင် Starry Cannes Night အခမ်းအနားကိုလည်း ပါဝင်ထားသည်။

သူတို့နှစ်ဦး ပြင်သစ်တွင် မဂ္ဂဇင်းရိုက်ကူးရေးများလည်း ပြုလုပ်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် ဂီနီမီ၊ နာဝစ်၊ Keng Harit၊ Tian Xuning တို့လည်း အတူတက်ရောက်ခဲ့သည်။ (SKY)



## Lee So-ra ၏ Song Request သီချင်း တောင်းဆိုမှုမြင့်မား

K-Pop အနုပညာလောကတွင် ထွက်ရှိထားသည့် သီချင်းများအနက် ပရိသတ်တောင်းဆိုမှု မြင့်မားသော ထိပ်တန်းငါးဦးစာရင်းတွင် Lee So-ra ၏ Song Request က ထိပ်ဆုံးနေရာ၌ ရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

အဆိုပါသီချင်းသည် နှလုံးသားကို အေးမြစေသည့် Lee So-ra ၏ ခံစားချက် အသံချိုချိုနှင့် Suga ၏ နက်နဲ၍ နှစ်သိမ့်မှုပေးသည့် Rap သံ ပေါင်းစပ်ထားသည်။ ဒုတိယနေရာတွင် Bakehyun နှင့် Suzy တို့၏ Dream က ဂျက်ဇ်ပေါ့ပ် အမျိုးအစားဖြစ်ကာ အိမ်မက်ဆန်ဆန် လှပနေသည်။

တတိယနေရာတွင် ဒင်း၏ ချောမွေ့သောသံစဉ်နှင့် ဇက်ကို၏ နောက်ခံအဆိုက ခံစားချက်ပါးပါးကို နက်ရှိုင်းစွာ ဖော်ပြထားကာ စတုတ္ထနေရာမှ D.O ၏ That's Okay မှာ တိုးတိုးကပ်ပြောနေသကဲ့သို့ အသံအေးအေးနှင့် သီဆိုထားသည်။

ပဉ္စမနေရာတွင် IU ၏ Through the Night ကချစ်သူကို တမ်းတစီးမျော၍ ဆဋ္ဌမနေရာတွင် V ၏ Winter Bear က နက်ရှိုင်း၍ နွေးထွေးမှုအပြည့်ပေးသောအသံနှင့် သီဆိုထားသည်။ (SKY)




## Lisa က FIFA World Cup 2026 ဖွင့်ပွဲသို့ တက်ရောက်


၂၀၂၆ခုနှစ် ကမ္ဘာ့ဖလား FIFA World Cup အတွက် ဖိတ်ကြားခြင်းခံရသော Lisa က ဖွင့်ပွဲတက်ရောက်မည်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာ့ဖလားပွဲတွင် ဖိတ်ကြားထားသော ထိပ်တန်းအနုပညာရှင်များတွင် ထိုင်းလူမျိုး၊ K-Pop အဆိုတော် Lisa ပါဝင်ပြီး FIFA တွင် ပထမဆုံးဖျော်ဖြေခွင့်ရသည့် အမျိုးသမီး K-Pop အဆိုတော်ဖြစ်သည်။

အဆိုပါပွဲကို ဇွန် ၁၁ ရက်မှစ၍ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံအဖြစ် American, Mexico နှင့် Canada တို့တွင် ကျင်းပမည်ဖြစ်ရာ Lisa က အမေရိကန် ဖျော်ဖြေပွဲသို့ ဖွင့်ပွဲတက်ရောက်မည်ဖြစ်သည်။

Lisa ၏ ဖက်ရှင်စတိုင်လ်၊ အဆိုစွမ်းရည်တို့ကို FIFA World Cup 2026 တွင် မြင်တွေ့ရမည်ဖြစ်၍ ကမ္ဘာအနှံ့အပြား ပရိသတ်များ ရင်ခုန်စွာ စောင့်မျှော်နေကြသည်။

(SKY)




## Xie Na ဖျော်ဖြေပွဲတွင် အထူးခြားဆုံး ပန်းစည်းရရှိ

၂၀၂၆ခုနှစ် မေလဆန်းပိုင်းက Chengdu ၌ ကျင်းပခဲ့သည့် Xie Na ၏ ဖျော်ဖြေပွဲတွင် Xiao Zhan က အထူးခြားဆုံး ပန်းစည်းရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




Xie Na နှင့် Xiao Zhan တို့ နှစ်ဦး CCTV Spring Festival Gala 2020 တွင် ပူးပေါင်းဆောင်ရွက်ရာမှ စတင်ခဲ့ပြီး နှစ်ဦးသား ယနေ့အထိ အပြန်အလှန် လေးစားမှု၏ စစ်မှန်သော ဥပမာတစ်ခုကို မြင်တွေ့ခဲ့ကြရသည်။

ပန်းရောင်ဆောင်ပုဒ်ပါ ပန်းစည်းသည် စင်မြင့်ပေါ်တွင် သူ၏ အောင်မြင်မှုနှင့် ပျော်ရွှင်မှုကို ဆုတောင်းပေးထားသည့် စာသားပါဝင်ပြီး ဖျော်ဖြေပွဲဆောင်ပုဒ်နှင့် ကိုက်ညီနေ၍ အထူးခြားဆုံး ပန်းစည်းဖြစ်ခဲ့သည်။

Xiao Zhan ၏ ပန်းစည်းတိုင်း ထူးခြားသောပုံစံရှိခဲ့ကြောင်း ပရိသတ်များက သတိထားမိကြသည်။ (SKY)

## Suga @ Min Yoongi က Bay to Breakers မာရသွန်ပြေးပွဲဝင်ပြိုင်

၂၀၂၆ ခုနှစ် မေလမှစတင်၍ ကမ္ဘာလှည့်ဖျော်ဖြေပွဲများ ဆင်နွှဲနေသော ဘီတီအက်စ်အဖွဲ့မှ အဖွဲ့ဝင် Suga @ Min Yoongi က စတန်းဖို့ဒ် Bay to Breakers မာရသွန်ပြေးပွဲဝင်ပြိုင်ပြီး ရလဒ်ကောင်းရခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ မာရသွန်ပြေးပွဲမှာ ၁၂ ကီလိုမီတာပြိုင်ပွဲဖြစ်ပြီး လမ်းကြောင်းတွင် ကုန်းတက်၊ကုန်းဆင်းများပြားကာ လေပြင်းများတိုက်ခတ်ခဲ့သော်လည်း Suga @ Min Yoongi က တစ်နာရီ၊ လေးမိနစ်၊ လေးဆယ့်သုံးစက္ကန့်နှင့် ပန်းဝင်ခဲ့သည်။

ပြိုင်ပွဲဝင် နှစ်သောင်းကျော်တွင် အဆင့် (၁၀၂၂)၊ အမျိုးသားအုပ်စုအဆင့် (၈၃၅)နှင့် အသက် ၃၀-၃၉ အုပ်စုအဆင့်တွင် (၂၉၆) ရခဲ့ပြီး ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။ အဖွဲ့ဝင်များက Suga၏ မာရသွန်ပြေးပွဲနှင့် Sound Check များကို Vlog ရိုက်ကူးထားပြီး ပရိသတ်ကို ချပြခဲ့သည်။

ဖျော်ဖြေပွဲ စင်မြင့်ပေါ်တွင် ခြေတစ်ဖက်နာနေသော Suga မှာ မာရသွန်ပြေးပွဲ ဝင်ရောက်ထား၍ ဖြစ်ကြောင်း ပရိသတ်များ သိရ၍ ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြသည်။

(SKY)

# ဘယ်လာရုစ်နိုင်ငံ၌ တရုတ်ရိုးရာ လက်ဖက်ရည်ယဉ်ကျေးမှုအခမ်းအနား ကျင်းပ

မင့်စ် ဇွန် ၁၄

တရုတ်နိုင်ငံ၏ လက်ဖက်ရည် ရိုးရာ ယဉ်ကျေးမှုအခမ်းအနားကို ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ဇွန် ၁၃ ရက်က ကျင်းပရာ တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တရုတ်နိုင်ငံ ဟီနန်ပြည်နယ်မှ အဆိုအကအဖွဲ့နှင့် ဘယ်လာရုစ်နိုင်ငံတော် အကအဖွဲ့တို့မှ ဖျော်ဖြေတင်ဆက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများသည် Xinyang Maojian အစိမ်းရောင်လက်ဖက်ရည်၊ Xunxian ကောင်တီမှ "Wanfu Tigers"ကဲ့သို့သော ရိုးရာအရုပ်များနှင့် Zhuxian မြို့နယ်မှ သစ်သားတုံးနှစ်သစ်ကူး ပုံနှိပ်များအပါအဝင် ယဉ်ကျေးမှုပြပွဲအမျိုးမျိုးကို လေ့လာခဲ့ကြပြီး လက်ရေးလှရေးခြင်း၊ စက္ကူဖြတ်ခြင်း၊ ပန်းချီဆွဲခြင်းနှင့် ကြိုးချည်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည်။

အခမ်းအနားတွင် တရုတ်ရိုးရာ အစားအသောက်ပွဲတော်ကိုလည်း ကျင်းပခဲ့သည်။

လက်ဖက်ရည်၏ မွေးရပ်မြေဖြစ်သော တရုတ်နိုင်ငံသည် ရှေးဟောင်းအဖျော်ယမကာ ဖြစ်သည့်လက်ဖက်ရည်ကို တရုတ်လူမျိုးများ၏ နေ့စဉ်ဘဝ၊ ကျင့်ဝတ်နှင့် စိတ်ဓာတ်မြှင့်တင်ရေး ကမ္ဘာထဲသို့ ပေါင်းစပ်ထည့်သွင်းထားကြောင်း ဘယ်လာရုစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇန်ဝမ်ချောင်က ပြောကြားခဲ့သည်။

"မိမိတို့သည် လက်ဖက်ရည်သောက်ကြပြီး တစ်ပြိုင်နက်တည်းတွင် ငြိမ်းချမ်းမှု၊ အလုံးစုံ ပါဝင်မှုနှင့် အပြန်အလှန်သင်ယူမှုတို့၏ အထူးခံစားချက်ကို ချိတ်ဆက်မိကြသည်။ လက်ဖက်ရည်၏ နူးညံ့သိမ်မွေ့သော ရနံ့သည် သင့်မှတ်ဉာဏ်တွင် အမြဲတည်ရှိနေပြီး တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုစာအုပ်တွင် နောက်ထပ် အခန်းသစ်တစ်ခု ဖြည့်စွက်နိုင်ပါစေ"ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ဖက်ရည်သည် ရှေးဟောင်းအဖျော်ယမကာတစ်ခုသာမက တရုတ်ရိုးရာယဉ်ကျေးမှု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း မင့်စ်မြို့တော် အလုပ်အမှုဆောင်ကော်မတီ ပထမ ဒုတိယဥက္ကဋ္ဌ အလက်ဇန္ဒား ကိုမန်ဒန့်က ပြောကြားသည်။

မိမိတို့တစ်ဦးစီသည် ဤပွဲအတွင်း တရုတ်ရိုးရာဓလေ့ကို ထိတွေ့ဆက်ဆံပြီး ၎င်း၏အနှစ်သာရများကိုခံစားကာ အရသာရှိပြီး ရနံ့မွှေးကြိုင်သော တရုတ်လက်ဖက်ရည်ကို သောက်သုံး၍ အတွင်းစိတ်ဟန်ချက်ညီမှုကိုရရှိကာ တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်လာမည်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အလိုအလျောက် လူဝင်မှုကြီးကြပ်ရေးဂိတ်များကို ထိုင်းနိုင်ငံ ဖူးခက်လေဆိပ်တွင် စတင်ဖွင့်လှစ်လိုက်ပြီ

ဘန်ကောက် ဇွန် ၁၄

ထိုင်းနိုင်ငံ ဖူးခက်လေဆိပ်သည် ခရီးစဉ်ရောက်ရှိမှု လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်ချောမွေ့စေရန်အတွက် နိုင်ငံတကာမှ ဆိုက်ရောက်ခရီးသည်များအတွက် ပထမဆုံးအကြိမ်အဖြစ် အလိုအလျောက် လူဝင်မှုကြီးကြပ်ရေးဂိတ်များကို ဇွန် ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါဂိတ်အရေအတွက်ကို လက်ရှိ ၁၀ ဂိတ်မှ ၂၀ ဂိတ်အထိ နှစ်ဆကျော် တိုးမြှင့်သွားရန်နှင့် လူကိုယ်တိုင် စစ်ဆေးရသော လူဝင်မှုကြီးကြပ်ရေးကောင်တာအရေအတွက်ကို လျှော့ချသွားရန် အစီအစဉ်များကို ချက်ချင်းကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုအချိန်အထိ အဆိုပါ အလိုအလျောက်ဂိတ်များကို ထွက်ခွာမည့် ခရီးသည်များအတွက်သာ အသုံးပြုနိုင်ခဲ့ပြီး ဆိုက်ရောက်ခရီးသည်များအနေဖြင့် ဝန်ထမ်းများရှိသည့် လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင်သာ ဖြတ်သန်းစစ်ဆေးမှု ခံယူခဲ့ရခြင်းဖြစ်သည်။

အထွေထွေမန်နေဂျာ မွန်ချိုင်းတာနတ်က ဝန်ဆောင်မှုအသစ်ကို ဖွင့်လှစ်ပေးခဲ့ပြီး လက်ရှိရှိနေသော အလိုအလျောက်ဂိတ် ၁၀ ဂိတ်မှ ၂၀ ဂိတ်အထိ တိုးမြှင့်မည့် အစီအစဉ်နှင့်အတူ ဝန်ထမ်းများဖြင့် စစ်ဆေးသည့် လူဝင်မှုကြီးကြပ်ရေးကောင်တာ အရေအတွက် ၂၄ ခုမှ ၁၆ ခုအထိ လျှော့ချသွားမည့် အစီအစဉ်ကိုလည်း ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

Mon

## စင်ကာပူအမျိုးသားတက္ကသိုလ်မှ သုတေသီ ဟီရှောင်ဂန်း ပထမဆုံးအကြိမ် ကမ္ဘာ့ရာသီဥတု သုတေသနဆု ဆွတ်ခူးရရှိ



စင်ကာပူ ဇွန် ၁၄

စင်ကာပူအမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်တစ်ဦးသည် မိုးခေါင်ရေရှားမှုနှင့် ဆက်စပ်သော ရေပြတ်လပ်မှုများကို လျှော့ချရန်အတွက် ရေကြီးရေလျှံမှုများမှ ရေကိုစုဆောင်းပြီး ပြန်လည်အသုံးပြုမည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့သောကြောင့် ပထမဆုံးအကြိမ်အဖြစ် ပေးအပ်သည့် ကမ္ဘာ့ရာသီဥတု သုတေသနဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူအမျိုးသား တက္ကသိုလ်၏ မြို့ပြနှင့် ပတ်ဝန်းကျင် အင်ဂျင်နီယာဌာနမှ လက်ထောက်ပါမောက္ခ ဟီရှောင်ဂန်းသည် အဆိုပါဆုကို ဇွန် ၁၀ ရက်တွင် ဗြိတိန်နိုင်ငံ၌ လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး စင်ကာပူအမျိုးသားတက္ကသိုလ်သည် တိုင်းမ်အဆင့်မြင့်ပညာရေး၏ ၂၀၂၆ ခုနှစ် အာရှတက္ကသိုလ်များ အဆင့်သတ်မှတ်ချက်တွင် အာရှ၌ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ကမ်းဘရစ်ချ်တက္ကသိုလ်၏ ကလဲဟောကောလိပ်နှင့် အယ်လ်ယူတီတက္ကသိုလ်တို့က ပူးတွဲတည်ထောင်ထားသော ကမ္ဘာ့ရာသီဥတုသုတေသနဆုသည် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် ကူးစက်ရောဂါများ ပြန့်ပွားခြင်း အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်သည့် သုတေသနလုပ်ငန်းများကို အသိအမှတ်ပြုသောအားဖြင့် နှစ်နှစ်တစ်ကြိမ် ပေးအပ်သည့် လူမှုအကျိုးပြုဆုဖြစ်ကြောင်း သိရသည်။

Mon

## အရှေ့အလယ်ပိုင်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိ

အစ္စလာမ္မာဘတ် ဇွန် ၁၄

အမေရိကန်နှင့် ပါကစ္စတန် ခေါင်းဆောင်များသည် အရှေ့အလယ်ပိုင်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ကာလရှည်ကြာ ရယူရန်ခက်ခဲနေသော မူဘောင်သဘောတူညီချက်တစ်ခုကို ဇွန် ၁၄ ရက်တွင် လက်မှတ်ရေးထိုးနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

သို့ရာတွင် တီဟီရန်ဘက်က လက်မှတ်ရေးထိုးမည့် အချိန်ကို သံသယရှိနေပြီး အီရန်နိုင်ငံရှိ သဘောထားတင်းမာသော ဆန္ဒပြသူများက ကန့်ကွက်ပြောဆိုခဲ့ကြသည်။

အီရန်နှင့် ချုပ်ဆိုမည့် အဆိုပါ သဘောတူညီချက်ကို ၎င်း၏ အသက် ၈၀ ပြည့် မွေးနေ့ဖြစ်သော နောက်တစ်နေ့တွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့်က ဇွန် ၁၃ ရက်တွင် လူမှုကွန်ရက်၌ ရေးသားဖော်ပြသည်။

နှစ်ဖက်စလုံးက ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် မူဘောင်တစ်ခုကို သဘောတူညီခဲ့ကြရာ ဇွန် ၁၄ ရက်တွင် အီလက်ထရွန်နစ်စနစ်ဖြင့် လက်မှတ်ရေးထိုးရန် ပြင်ဆင်ထားပြီး လာမည့်သီတင်းပတ်တွင် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဟု ပါကစ္စတန် ဝန်ကြီးချုပ် ရှာဘတ်ဇ် ရှရစ်ဖ်က ပြောကြားကြောင်း သိရသည်။ Mon

# STOP AIDS

## ၅၃ နှစ်အရွယ် မြို့တော်ဝန်ဟောင်း အက်ဒရီယန်ဗက်စတီယာ ရိုမေးနီးယားဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရ

ဘူခါရက်စ် ဇွန် ၁၄

ရိုမေးနီးယားဝန်ကြီးချုပ်အဖြစ် အသက် ၅၃ နှစ်အရွယ် မြို့တော်ဝန်ဟောင်း အက်ဒရီယန်ဗက်စတီယာ ယမန်နေ့က အမည်စာရင်းတင်သွင်းခြင်းခံရကြောင်း



စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သမ္မတ ဒန်သည် အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ရေးအတွက် ဘရာဆော့ဗ်ခရိုင်အလယ်ပိုင်းမှ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး အမျိုးသားလစ်ဘရယ်ပါတီ၏ ရေရှည်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သော ဗက်စတီယာကို အဆိုပြုခဲ့ခြင်းဖြစ်သည်။

ဗက်စတီယာသည် ယခုလအတွင်း သမ္မတ ဒန်၏ ဒုတိယမြောက် ဝန်ကြီးချုပ်လောင်းအဖြစ် အဆိုပြုခံရသူဖြစ်ပြီး ၎င်း၏ယခင် အဆိုပြုချက်ဖြစ်သော ယူဂျင်းတိုမက်သည် ၁၀ ရက်အတွင်း လွှတ်တော်သို့ အစိုးရအဖွဲ့စာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်။

ဘူခါရက်စ်မြို့ရှိ သမ္မတနန်းတော်တွင် ယူဂျင်းတိုမက်သည် ၎င်း၏ တာဝန်ကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်အပ်နှံခဲ့သဖြင့် အက်ဒရီယန်ဗက်စတီယာကို ဝန်ကြီးချုပ်အဖြစ် အဆိုပြုရခြင်းဖြစ်ပြီး ထိုအဆိုပြုချက်ကို လွှတ်တော်အမတ်များက အတည်ပြုပေးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

Mon

## ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်ကို ၁ ဒသမ ၆ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့

ဘန်ကောက် ဇွန် ၁၄

ထိုင်းနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းများ တင်ပို့မှုကို တွန်းအားပေးနေသည့် အေအိုင်နည်းပညာဆိုင်ရာ တောင်းဆိုမှုများနှင့် ဒေတာစင်တာ အခြေခံအဆောက်အအုံ လိုအပ်ချက်များ မြင့်မားနေခြင်းကြောင့် ၂၀၂၆ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်ကို ၁ ဒသမ ၆ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပူးတွဲအမြဲတမ်းကော်မတီသည် အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ယခင်က သတ်မှတ်ထားသော ၁ ဒသမ ၂ ရာခိုင်နှုန်းမှ ၁ ဒသမ ၆ ရာခိုင်နှုန်းကြားရှိ ရာခိုင်နှုန်းပမာဏထက် မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ပထမလေးလပတ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ၁၈ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု မကြာသေးမီက ပြုလုပ်သော အဆိုပါကော်မတီ အစည်းအဝေးအပြီး၌ ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ပယွန်သီရိဗန်းနစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ရွှေသွေးခန်းမတွင် ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် သရက်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က "ဗလငါးတန်ဖွံ့ဖြိုးဖို့ မူးယစ်ဆေးကိုရှောင်ကြစို့" ခေါင်းစဉ်ဖြင့် လူငယ်များကို အသိပညာပေး ဟောပြောရာတွင် အနာဂတ်နိုင်ငံတော်အတွက် ဦးဆောင်တာဝန်ယူကြရမည့် ယနေ့လူငယ်များအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးဖို့သည် အဓိကဖြစ်ပါကြောင်း၊ မိမိတို့ပတ်ဝန်းကျင်မှာ ကြောက်စရာအကောင်းဆုံး လက်နက်တစ်ခုလို လူငယ်များ မူးယစ်ဆေးဝါးများကိုသုံးစွဲနေကြသည်မှာ အန္တရာယ်များပါကြောင်း၊ မသုံးစွဲရန် လိုအပ်ပါကြောင်းနှင့် အနာဂတ်မှာ နိုင်ငံ့ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်များအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးဖို့ လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ အသိပညာပေး နံရံကပ်၊ ဓာတ်ပုံ၊ ပိုစတာများ ပြသပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ဆယ်မိုင်ကုန်းကျေးရွာ၊ ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် ဇွန် ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က ရန်ကုန်မှ ပဲခူးသို့ ယာဉ်မောင်း ဦးကျော်မင်းဦး(၄၂)နှစ်ဆိုသူ မောင်းနှင်လာသော NISSAN ၂၂ ဘီးတွဲကားယာဉ်အား ယာဉ်မောင်း သက်ဝေဖြိုး (၂၄)နှစ်ဆိုသူ မောင်းနှင်လာသော MITSU-BISHI CANTER အမျိုးအစား အဖြူရောင် ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိပြီး ခြောက်ဘီးယာဉ်ခေါင်းခန်းအတွင်း ယာဉ်မောင်းညပ်နေကြောင်း သတင်းရရှိသဖြင့် ပဲခူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီ ၂၃ မိနစ်တွင် ပြီးစီးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် MITSUBISHI CANTER အဖြူရောင် ခြောက်ဘီးယာဉ်၏ ယာဉ်မောင်း အမျိုးသား တစ်ဦးနှင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦးတို့ သေဆုံးခဲ့ပြီး MISUBISHI CANTER အဖြူရောင် ခြောက်ဘီးယာဉ်၏ ဦးခေါင်းပိုင်းကြေမွပျက်စီးခဲ့ကြောင်းနှင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သက်ဝေဖြိုးဆိုသူအား အင်းတကော်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်-မန်းအမြန်လမ်းမကြီးတွင် ယာဉ်မောင်းအိပ်ငိုက်၍ မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိုက်မိ



**မန္တလေး ဇွန် ၁၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၂၈၉/၀) နှင့်(၂၈၉/၁)ဖာလုံကြားတွင် ဇွန် ၁၂ ရက်၊ နံနက် ၆ နာရီခွဲက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး××××မောင်းနှင်ပြီး အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦးလိုက်ပါလာသော SUZUKI ERTIGA အဖြူရောင်ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ အုတ်အကာအရံအား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ အမြန်လမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား၊ အမျိုးသမီးလေးဦးအား လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၅၇)**

### အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ။**

## ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့ အမှတ်(၅)ရပ်ကွက်၌ နေအိမ် မီးလောင်မှု ဖြစ်ပွား

**ရှမ်းပြည်နယ် ဇွန် ၁၄**

ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့၊ အမှတ်(၅) ရပ်ကွက်၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီ ၅ မိနစ်ခန့်က ပိုင်ရှင် ဦးစိုင်းနန္ဒော(၃၂)နှစ်ဆိုသူ၏ ပေ(၂၀ ×၃၀)၊ သွပ်မိုး၊ သွပ်ကာ၊ မြေစိုက် တစ်ထပ်နေအိမ်တွင် တောင်ယာသွားချိန် ထင်းမီးဖြင့် ရေနွေးအိုး တည်ထားခဲ့ရာမှ အနီးရှိ ထင်းပုံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းနောင်နယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ပေ (၂၀×၃၀)၊ သွပ်မိုး၊ သွပ်ကာ၊ မြေစိုက်တစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးစိုင်းနန္ဒောဆိုသူအား မိုင်းနောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေး-ပြင်ဦးလွင်ကားလမ်းတွင် တွဲယာဉ်တစ်စီးချောက်ထဲထိုးမှောက်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၁၆/၂)အနီးတွင် ဇွန် ၁၀ ရက်၊ ည ၁၁ နာရီက တွဲယာဉ်တစ်စီးမတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး××××××မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဦး×××လိုက်ပါလာပြီး သံကျောက်များ တင်ဆောင်လာသော တွဲယာဉ်သည် မန္တလေး-ပြင်ဦးလွင်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာသို့ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း လူမှုကူညီရေးအသင်း(အုန်းချော)နှင့် ဒေသခံများသည် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူတို့အား ပြင်ဦးလွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**(ယာပုံ) မိုးသီး**




✰ ကလေး-တမူးလမ်းကြောင်းမှ ရာဇဂြိုဟ် ရေလှောင်တမံအား ပြန်လည် ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဒေသနှင့် ဒေသတွင်း နေထိုင်ကြသည့် ပြည်သူလူထု၏ လူမှု၊ စီးပွားဘဝ ပျက်စီးခြင်းများမှ ကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်တော့မည့်အပြင် ရေထိန်းတံခါးများအား ပုံမှန်ချိန်အတိုင်း စနစ်တကျ ဖွင့်/ပိတ်ခြင်း၊ ရေထိန်းရေလှောင်ခြင်း၊ ရာသီအလိုက် စနစ်တကျရေပေးဝေခြင်း၊ ရေလွှတ်ခြင်းများ ဆောင်ရွက်ပြီး ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးများ၊ သောက်သုံးရေများ၊ စိုက်ပျိုးရေများ ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် တပ်မတော်စစ်ကြောင်းများအပေါ် ကျေးဇူးတင်မဆုံးဖြစ်နေကြောင်း သိရသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသတွင်းပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ကလေး-တမူးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အကြမ်းဖက် သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ကျေးရွာအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်သိမ်းပိုက်ရရှိ။

## မြောင်းတကာစက်မှုဇုန်၌ တရားမဝင်ဓာတ်အားရယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေမှုများကိုစောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး မသင်္ကာဖွယ်တွေ့ရှိရသည့် မြောင်းတကာစက်မှုဇုန် မြေကွက်အမှတ်(၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd သံရည်ကျိုစက်ရုံကို ဝင်ရောက်စစ်ဆေးရာ မီတာအား မသမာသောနည်းဖြင့် ဖွင့်၍ ပြုပြင်ပြီး ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။


တရားမဝင်ဓာတ်အားရယူသုံးစွဲထားသည့် မြောင်းတကာစက်မှုဇုန် မြေကွက်အမှတ်(၅၂/၅၃)ရှိ ZON TAI STEEL Co.,Ltd သံရည်ကျိုစက်ရုံကို တွေ့ရစဉ်။


မီတာအတွင်း မသမာသောနည်းဖြင့် ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

### အရေးယူဆောင်ရွက်

ယင်းသို့ မသမာမှုဖြစ်စဉ်ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားယူနစ် ၅၀၆၈၀၀၀ အတွက် ငွေကျပ်သန်း ၄၅၀၀ ကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်မီတာအား ချက်ချင်းပိတ်သိမ်းခဲ့ပြီး နစ်နာဆုံးရှုံးမှုများ ပြန်လည်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့်လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရန်အတွက် မှော်ဘီမြို့မ ရဲစခန်း၌ ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်တွင် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် Control Center များမှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ် တွေ့ရှိသည်နှင့် မြေပြင်သို့ သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေး တိုင်ကြားလာမှုများအပေါ် ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုများ သိသာစွာလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမို၍ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေး ထုတ်ပြန်ထားသည်။

သတင်းစဉ်

## မိုင်းပျဉ်းမြို့၌ ငွေကျပ်သိန်း ၂၈၅၀ တန်ဖိုးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ငွေကျပ် ၈၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၄

မိုင်းပျဉ်းမြို့တွင် ငွေကျပ်သိန်း ၂၈၅၀ တန်ဖိုးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ငွေကျပ် ၈၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက်နံနက် ၁၀ နာရီခွဲတွင် သတင်းအရ မိုင်းပျဉ်းမြို့ အောက်ဈေးတန်းရပ်ကွက်အနီး တောင်ကြီး - ကျိုင်းတုံသွားကားလမ်းတွင် မိုင်းပျဉ်းမြို့ အလယ်ပိုင်း ရပ်ကွက်နေ စိုင်းဦးဟောင်(၄၅)နှစ် မောင်းနှင်ပြီး မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ရွာနေသူများဖြစ်သည့် စိုင်းခမ်းလှ(၃၂)နှစ်၊ ဝီးဝါလ(၄၀)နှစ်တို့ လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှစိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၈၅၀) သိမ်းဆည်းရမိသဖြင့် စိုင်းဦးဟောင်၊ စိုင်းခမ်းလှနှင့် ဝီးဝါလတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။


စိုင်းဦးဟောင်၊ စိုင်းခမ်းလှနှင့် ဝီးဝါလတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျူံစု(တိုးချဲ့)ရပ်ကွက်နေ လင်းလင်းနိုင်(၃၈)နှစ်နှင့် မသန္တာအောင်(၂၅)နှစ်တို့ ငှားရမ်းနေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်နေ မသိမ့်သိမ့်ထွန်း(ခ)ပြည့်ပြည့် (၂၃)နှစ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်(၁၂)ရပ်ကွက်နေ မအိခိုင်ဇင်(ခ)အမွှေစိန်(၁၈)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၈၆ သိန်း) နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် လင်းလင်းနိုင်၊ မသန္တာအောင်၊ မသိမ့်သိမ့်ထွန်း(ခ) ပြည့်ပြည့်နှင့် မအိခိုင်ဇင်(ခ) အမွှေစိန်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

သတင်းစဉ်



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြော

ပျော်ဘွယ် ဇွန် ၁၄

ရမည်းသင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအကြောင်း အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက ပျော်ဘွယ်မြို့နယ်၊ ရွာသစ်(အနောက်)ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ရမည်းသင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက နိုင်ငံတော်အနေဖြင့် ကလေးသူငယ်အခွင့်ရေးများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ နည်းအမျိုးမျိုးဖြင့်အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးနေမှုအခြေအနေများ၊ မသန်စွမ်းကလေးငယ်များရရှိနိုင်သည့် အခွင့်အရေးများ၊ ကလးသူငယ်တိုင်းလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများ စသည်တို့ကို ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အပြန်အလှန်ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၅-၆-၂၀၂၆ ည ၁၁:၃၀ နာရီ | H | စပိန် - ကိတ်ဗာဒီ |
| ၁၆-၆-၂၀၂၆ နံနက် ၀၂:၃၀ နာရီ | G | ဘယ်လ်ဂျီယံ - အီဂျစ် |
| ၁၆-၆-၂၀၂၆ နံနက် ၀၅:၃၀ နာရီ | H | ဆော်ဒီအာရေးဗျ - ဥရုဂွေး |
| ၁၆-၆-၂၀၂၆ နံနက် ၀၈:၃၀ နာရီ | G | အီရန် - နယူးဇီလန် |



## ဆွစ်ဇာလန်အသင်းနှင့် ကာတာအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ

**လန်ဒန် ဇွန် ၁၄**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (B)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆွစ်ဇာလန်အသင်းနှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် အမ်ဘိုလိုကသွင်းယူပေးခဲ့ပြီး၊ ကာတာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်(၉၀+၄) မိနစ်တွင် ခူခီကသွင်းယူပေးခဲ့သည်။ **(ဓါတ်ပုံ)**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (B)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၉ရက်တွင် ဆွစ်ဇာလန်အသင်းက ဘော့စနီးယားအသင်းနှင့်လည်းကောင်း၊ ကာတာအသင်းက ကနေဒါအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းနှင့် လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား ဘားနာဒိုဆေးလ်ဗားကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

* ဆန်းဒါးလန်းအသင်းသည် ရက်ဘူးလ်ဆဲလ်ဘတ်အသင်း လူငယ်တိုက်စစ်မှူး ကရင်မ်အလာ့ဂျ်ဘီဂိုဗစ်ချ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## အီဝမ်ဂျောင်အန်ကို နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၄**



ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် ရိမ်းစ်အသင်းဂိုးသမား အီဝမ်ဂျောင်အန်ကို ကာလရှည်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဂိုးသမားသည် ရိမ်းစ်အသင်းနှင့်အတူ ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၆၀ကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ အီဝမ်ဂျောင်အန်က "ကျွန်တော် နယူးကာဆယ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့ အောင်မြင်မှုများ ရရှိအောင်လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Taylor Fritz တက်ရောက်

**စတုဂတ် ဇွန် ၁၄**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Taylor Fritzတက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်ကစားသမား Alexander Bublik ကို ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Boss Openတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် တစ်နိုင်ငံတည်းသားဖြစ်သူတင်းနစ်ကစားသမား Ben Sheltonတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**







## ရိုင်ယန်ခရစ္စတီ ဘုန်းမောက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၄**

ဘုန်းမောက်အသင်းသည် အသင်းကွင်းလယ်ကစားသမား ရိုင်ယန်ခရစ္စတီကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၁၇၇ ပွဲကစားပြီး ၁၀ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ရိုင်ယန်ခရစ္စတီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

## ပူလီဆစ် ဒဏ်ရာမပြင်းထန်ဟု နည်းပြ ပိုချက်တီနို အတည်ပြု





**ဝါရှင်တန် ဇွန် ၁၄**

တောင်ပံကစားသမား ပူလီဆစ်၏ ဒဏ်ရာပြင်းထန်မှုမရှိကြောင်း အမေရိကန်အသင်း နည်းပြ ပိုချက်တီနိုက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အဖြစ် အမေရိကန်အသင်းက ပါရာဂွေးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ပူလီဆစ်သည် အမေရိကန်အသင်းနှင့်အတူ ၂၀၁၆ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ၈၇ ပွဲကစားကာ ၃၃ ဂိုးအထိ သွင်းယူထားသည်။

အမေရိကန်နည်းပြ ပိုချက်တီနိုက "ပူလီဆစ် ဒဏ်ရာပြင်းထန်မှုမရှိပါဘူး။ သူအနေနဲ့လာမည့်ပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်မှာပါ"ဟု ပြောသည်။

အမေရိကန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု(D) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၀ ရက်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## မားကပ်စ်ရပ်ရှ်ဖို့ဒ်ကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းဆွေးနွေး

**မြူးနစ် ဇွန် ၁၄**

ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် မန်ယူအသင်းတိုက်စစ်မှူး မားကပ်စ်ရပ်ရှ်ဖို့ဒ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိပြီဖြစ်သည်။



အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ အငှား ပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၄၉ ပွဲကစားကာ ၁၄ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း မားကပ်စ်ရပ်ရှ်ဖို့ဒ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မန်ယူအသင်းထံမှ တိုက်စစ်မှူး မားကပ်စ်ရပ်ရှ်ဖို့ဒ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## အဘယ်လီရာ ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းမှ ထွက်ခွာ

**မက်ဒရစ် ဇွန် ၁၄**

ကွင်းလယ်ကစားသမား အဘယ်လီရာ အသင်းမှ ထွက်ခွာခဲ့ပြီဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းမှ အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပအမျိုးသမီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား အဘယ်လီရာသည် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၀ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားကာ ၁၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဘယ်လီရာအနေဖြင့် မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**





0-0-0-0-0-0-0

## နည်းပြ ဝီလ်စတီးလ်ကို နည်းပြသစ်အဖြစ် အော်ဗေးအသင်းခန့်အပ်

**ပါရီ ဇွန် ၁၄**

ပြင်သစ်လီဂူးကလပ် အော်ဗေးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဝီလ်စတီးလ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အော်ဗေးအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဝီလ်စတီးလ်သည် နည်းပြဘဝတစ်လျှောက်တွင် ဆောက်သမ်တန်၊ လန်းစ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အော်ဗေးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



ထို့ကြောင့် နည်းပြ ဝီလ်စတီးလ်အနေဖြင့် လာမည့်ဘောလုံးရာသီသစ်တွင် အော်ဗေးအသင်းနှင့်အတူ အောင်မြင်မှုများရယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး။



## ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း ပညာဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

**မကွေး ဇွန် ၁၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ကျင်းပသည့် "တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အစီအစဉ်"ကို ဇွန် ၁၂ ရက် နံနက်ပိုင်းက မကွေးမြို့နယ်၊ ဘုရားပြိုကျေးရွာအုပ်စု၊ ဘုရားပြို (မြောက်)ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်သန္တာဝင်း၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့က ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်၊ ကောက်နုတ်ချက်များ၊ လူ့အခွင့်အရေး၊ အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားများအား ဥပဒေ၊ နည်းဥပဒေစာအုပ်များ၊ အမုန်းစကားလက်ကမ်းစာစောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဘုရားပြိုကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်တို့ကို ဆန်းစစ် ချက် စစ်တမ်းမေးခွန်းလွှာများအား ရှင်းလင်းပြောကြားပြီး စစ်တမ်းကောက်ယူခဲ့ရာ ဒေသခံတိုင်းရင်းသား ၈၀ ဦးတို့မှ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်မှုဆန်းစစ်ချက် စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## မန္တလေးမြို့တွင် စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၄**



မန္တလေးမြို့အနီးတစ်ဝိုက်မှ ထွက်ရှိသော စိန်တစ်လုံးသရက်သီးများ ဒေသဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့နယ် သရက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ ထွက်ရှိသော စိန်တလုံးသရက်သီးများကို ယခုနှစ် ဇွန်လပထမပတ်မှစတင်ကာ ယနေ့အထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီးအလုံးရေ သောင်းဂဏန်းအထိ ဝယ်ယူမှုအား ကောင်းလျက်ရှိသောကြောင့် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အဆိုပါ စိန်တလုံးသရက်သီး အလုံး ၁၀၀ လျှင် ငွေကျပ် ခြောက်သောင်းနီးပါးအထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ သရက်သီးတွေကလည်း အရည်အသွေး ကောင်းမွန်ပါတယ်။ ဇွန်လပထမပတ်လောက်ကတည်းက စိန်တလုံးသရက်သီးတွေ အရောင်းအဝယ်သွက်နေတာပါ။ အခုလို သရက်သီးတွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် သရက်စိုက်ပျိုးတဲ့တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ကုန်တင်၊ ကုန်ချ အလုပ်သမားတွေပါ အလုပ်အကိုင် ပိုမိုအဆင်ပြေလာကြပါတယ်။ လက်လီ၊ လက်ကား ရောင်းချသူတွေလည်း အဆင်ပြေကြပါတယ်"ဟု မန္တလေးမြို့ရှိ သရက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

သရက်သီး အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် ဒေသခံ သရက်စိုက်ပျိုးသူ တောင်သူများနှင့် လုပ်သားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေများ တိုးပွားအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (မန္တလေးနေ့စဉ်–၈)**

## ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနမှ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို၊ ဇွန် ၁၂ ရက် နံနက် ၉ နာရီက မြို့မရပ်ကွက်ရှိ မူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာမီမီသက် ဦးဆောင်သည့် ကျောင်းကျန်းမာရေးဝန်ထမ်းများသည်၊ မြို့မရပ်ကွက်မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများအား အရေပြားရောဂါစစ်ဆေးခြင်း၊ မျက်စိစမ်းသပ်စစ်ဆေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်းများကို အတန်းအလိုက် စစ်ဆေးခဲ့ကြပြီး ကုသမှုများဆောင်ရွက်ပေးကြသည်။ ယင်းနောက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းကျန်းမာရေးဝန်ထမ်းများက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နှင့်ဆရာမများ လိုက်ပါလျက် ကျောင်းဝင်းအတွင်းရှိ ရေလှောင်ကန်များ၊ သုံးရေကန်များနှင့် ရေလောင်းအိမ်သာများအတွင်း အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများအား အရေပြား၊ သွား၊ မျက်စိရောဂါများနှင့်ပတ်သက်၍ အခြေခံကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောကြသည်။

အဆိုပါ ကျောင်းပတ်ဝန်းကျင်နှင့် ကျန်းမာရေးစစ်ဆေးမှုကို ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာမီမီသက်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့မရပ်ကွက် မူလတန်းကျောင်းရှိ KG တန်းမှ Grade-5 အထိ ကျောင်းသား ၁၃၇ ဦး၊ ကျောင်းသူ ၁၅၂ ဦး စုစုပေါင်း ၂၈၉ ဦးတို့ကို ကျန်းမာရေး စစ်ဆေး၊ ကုသမှုများ ဆောင်ရွက်ခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နှင့် ဆရာ၊ ဆရာမများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၅၆)**





## မိတ္ထီလာမြို့ အ.ထ.က(၁)၌ လူငယ်စကားဝိုင်းကျင်းပ

**မိတ္ထီလာ ဇွန် ၁၄**

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဇွန် ၁၂ ရက် နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာရွှေညာမြေ မြတ်သင်းကြိုင်က လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း ဦးဆောင်၍ အ·ထ·က(၁)မှ ကျောင်းသူ၊ ကျောင်းသား ငါးဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသူ၊ ကျောင်းသားများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၃)**

## မိုးရာသီ(ပထမအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြို့သစ် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီ (ပထမအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက်ပိုင်းက မြေပြင်သာကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့သစ်မြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမင်းသန့်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အ·ထ·က(မြေပြင်သာ) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တမာပင်၊ ပဲချယ်ရီပင်၊ ပိတောက်ပင်၊ ယင်းမာပင်၊ ဗာဒံပင်၊ မာတာကွတ်ပင် စသည့် စုစုပေါင်းပျိုးပင် ၅၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**




## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး ဇွန် ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကျင်းပသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်ရှိ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း ဌေးသန်းမြင့်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း(ခ) ဦးညီညီ(အောင်မြေသာစံမြို့နယ်-၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်(ပြင်ဦးလွင်မြို့နယ်-၂)၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာသည့် ပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် သီရိမာလာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်သူက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်၍ လူနာများအားစမ်းသပ်ကုသပေးလျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် တောင်သာတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ခေမာရာမ ညောင်ရမ်းကျောင်းဆရာတော် ဘဒ္ဒန္တခေမာသီရိ၊ စစ်ကိုင်းပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ(ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)များ ဦးစီးဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ နေ့လည် ၁၂ နာရီအထိ ဖွင့်လှစ်၍ အထွေထွေရောဂါ လူနာများအားစမ်းသပ်၍ ကုသပေးကာ ဆေးဝါးပစ္စည်းများ အခမဲ့ထုတ်ပေးလျက်ရှိသည်။ အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်သည့်ရက်တွင် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ စုစုပေါင်းဦးရေ ၁၃၀ ခန့် လာရောက်ဆေးဝါးကုသမှုခံယူကြကြောင်း၊ အထွေထွေရောဂါကုဆရာဝန်နှစ်ဦး၊ သူနာပြုဆရာမများ၊ ဆေးခန်းအကူသူနာပြုများဖြင့် လူနာများကို စမ်းသပ်ကုသဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်မှ လူနာများအပြင် ပလိပ်၊ စဉ့်ကိုင်၊ အမရပူရမြို့များမှ လူနာများလည်း လာရောက်စမ်းသပ်ကုသမှုခံယူနေကြကြောင်း မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း ပဲ့ကိုင်ရှင် စစ်ကိုင်းကျောင်း ပရိယတ္တိကျောင်းဆရာတော်က မိန့်ကြားသည်။ မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြသော လူနာများအတွက် အာဟာရဒါန ကျွေးမွေးလှူဒါန်းလိုကြသူများ၊ ဆေးခန်းသုံးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ၊ အလှူငွေများလှူဒါန်းလိုကြသော စေတနာရှင်၊ ပါရမီရှင်၊ ကုသိုလ်ရှင်များအနေဖြင့် တောင်သာတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ၊ ဖုန်း ၀၉-၂၀၂၃၄၂၇၊ ခေမာရာမ ညောင်ရမ်းကျောင်းဆရာတော် ဘဒ္ဒန္တခေမာသီရိ၊ ဖုန်း ၀၉-၄၀၂၅၇၉၉၀၀၊ စစ်ကိုင်း ပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ ဖုန်း ၀၉-၂၀၅၃၀၁၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၅၃)



## ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေး

**မြစ်သား ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု မောင်းကွေးကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေးခြင်းကို ဇွန် ၁၂ ရက် နံနက် ၇ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝေဝေ၊ မြစ်သားမြို့နယ်စီမံကိန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ ပန်းလောင်မြစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန်ရည်ရွယ်၍ နွားကူးကြီးကျေးရွာအုပ်စု မောင်းကွေးအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းငါးကောင်ရေ တစ်သိန်းငါးသောင်းနှင့် ငါးမြစ်ချင်းငါးကောင်ရေ တစ်သိန်းငါးသောင်း၊ စုစုပေါင်း ငါးကောင်ရေသုံးသိန်းအား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနေမှုအားကြည့်ရှုစစ်ဆေး

**ဟိုပုံး ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုပုံးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေး ဆောင်ရွက်ပေးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးခြင်းမှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀) စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန်ရည်ရွယ်၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၃၆၈)

## ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးခန့်ထားနိုင်ရန် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်တင်မြှောက်

**မန္တလေး ဇွန် ၁၄**

မန္တလေး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဆုတောင်းရဘုရားဝင်းအတွင်း၌ ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ခန့်ထားနိုင်ရန် ကြီးကြပ်ရေးအဖွဲ့ ငါးဦး ရွေးချယ်တင်မြှောက်ရန် ရွေးချယ်ရေးအဖွဲ့ စီမံကိန်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုဇင်ထိုက်နှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။



ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုဇင်ထိုက်က ကြီးကြပ်ရေးအဖွဲ့ ငါးဦး တင်မြှောက်ရာတွင် ပြည်သူများလိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ တင်မြှောက်ကြရန် ဖတ်ကြားရှင်းလင်းပြီးနောက် စိတ္တရမဟီရပ်ကွက်အတွင်းနေ ပြည်သူများက တင်မြှောက်သည့် ကြီးကြပ်ရေးအဖွဲ့ ငါးဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၇)

# ရေခဲသေတ္တာထဲက မမြင်ရသောအန္တရာယ်နှင့် ကျန်းမာရေးဗဟုသုတ

**နိဒါန်း**

လူအများစုသည် အစားအစာများကို ရေခဲသေတ္တာထဲ ထည့်ထားလိုက်ပါက ပိုးမွှားများသေဆုံးသွားသည်(သို့မဟုတ်)မပေါက်ဖွားနိုင်တော့ဟု အထောက်အထားမရှိဘဲ လွဲမှားစွာ ယူဆတတ်ကြပါသည်။ အမှန်စင်စစ်တွင် ရေခဲသေတ္တာ၏ အအေးဓာတ်သည် ပိုးမွှားများကို သေစေခြင်းမဟုတ်ဘဲ ၎င်းတို့၏ ကြီးထွားပွားများနှုန်းကို နှေးကွေးသွားအောင်သာ ပြုလုပ်နိုင်ခြင်းဖြစ်ပါသည်။ အချို့သော ရောဂါဖြစ်စေသည့် ဘက်တီးရီးယားများသည် ရေခဲသေတ္တာ အပူချိန်အောက်တွင်ပင် ကောင်းစွာအသက်ရှင်နိုင်ပြီး အစားအသောက်များကို ညစ်ညမ်းစေနိုင်သည့်အတွက် ကျန်းမာရေး အန္တရာယ်များကို သတိပြုရန် လိုအပ်ပါသည်။

**၁။ ရေခဲသေတ္တာအတွင်း တွေ့ရှိနိုင်သော အဓိကပိုးမွှားများနှင့် ကျန်းမာရေးဆိုးကျိုးများ**

ရေခဲသေတ္တာ၏ စိုထိုင်းဆနှင့် အပူချိန်တွင် ရှင်သန်နိုင်သော အဓိက ရောဂါပိုးမွှား (၅) မျိုးကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည် -

*** Listeria monocytogenes (လစ်စတီးရီးယား)**

ဤဘက်တီးရီးယားသည် ရေခဲသေတ္တာအတွင်း 0-4°C အပူချိန်တွင်ပင် ကောင်းစွာပွားများနိုင်သောကြောင့် "ရေခဲသေတ္တာ၏ ဘုရင်"ဟု တင်စားကြပါသည်။ ၎င်းကို အသင့်စား အသားချောင်းများ၊ နို့စိမ်း၊ ဒိန်ခဲနှင့် ဆေးကြောမထားသော ဟင်းသီးဟင်းရွက်များတွင် တွေ့ရတတ်ပြီး Listeriosis ရောဂါကို ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင် မိခင်များတွင် ကလေးပျက်ကျခြင်းနှင့် ကိုယ်ခံအားနည်းသူများတွင် အသက်အန္တရာယ်အထိ စိုးရိမ်ရနိုင်ပါသည်။

*** Salmonella (ဆာမိုနဲလား)**

ကြက်သား၊ ဘဲသား၊ အသားစိမ်းများနှင့် ဥအမျိုးမျိုးတွင် တွေ့ရလေ့ရှိပြီး အေးခဲရုံဖြင့် မသေဘဲ အပူပေးချက်ပြုတ်မှသာ သေဆုံးပါသည်။ ၎င်းသည် ပြင်းထန်စွာ ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ဖျားခြင်းတို့ကို ဖြစ်စေပါသည်။

*** Escherichia coli (E.coli)**

အသားစိမ်းများ၊ နွားနို့စိမ်းနှင့် ပိုးသတ်မထားသော ဖျော်ရည်များမှတစ်ဆင့် ကူးစက်တတ်ပါသည်။ ၎င်းသည် သွေးဝမ်းသွားခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်း (Hemolytic Uremic Syndrome) အထိ ပြင်းထန်သော နောက်ဆက်တွဲပြဿနာများကို ဖြစ်စေနိုင်ပါသည်။

> အမှန်စင်စစ်တွင် ရေခဲသေတ္တာ၏အအေးဓာတ်သည် ပိုးမွှားများကို သေစေခြင်းမဟုတ်ဘဲ ၎င်းတို့၏ ကြီးထွားပွားများနှုန်းကို နှေးကွေးသွားအောင်သာ ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည်။ အချို့သော ရောဂါဖြစ်စေသည့် ဘက်တီးရီးယားများသည် ရေခဲသေတ္တာအပူချိန်အောက်တွင်ပင် ကောင်းစွာအသက်ရှင်နိုင်ပြီး အစားအသောက်များကို ညစ်ညမ်းစေနိုင်သည့်အတွက် ကျန်းမာရေးအန္တရာယ်များကို သတိပြုရန် လိုအပ်ပါသည်။

*** Staphylococcus aureus**

ဤပိုးသည် လူ၏အရေပြားနှင့် လက်များတွင် ရှိနေတတ်ပြီး အစားအသောက်ပြင်ဆင်ရာတွင် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းပါက အစားအစာများဆီသို့ ကူးစက်ကာ အစာအဆိပ်သင့်မှု ဖြစ်စေပါသည်။

*** မှိုများ (Molds and Fungi)**

ရေခဲသေတ္တာအတွင်းရှိ စိုထိုင်းဆသည် မှိုပေါက်ဖွားရန် အကောင်းဆုံးဖြစ်ပြီး ဓာတ်မတည့်မှုများအပြင် ရေရှည်တွင် အသည်းကို ထိခိုက်စေနိုင်သော Mycotoxins မှိုဆိပ်များကို ထုတ်လွှတ်ပါသည်။

**၂။ ပိုးမွှားများ ပြန့်ပွားလာစေသည့် အကြောင်းရင်းများ (Cross-Contamination)**

ပိုးမွှားများသည် အလိုအလျောက် ရောက်ရှိလာခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ မှားယွင်းသော အလေ့အထများကြောင့် ပြန့်ပွားရခြင်း ဖြစ်ပါသည်-

*** ရောနှောသိမ်းဆည်းခြင်း**

အသားစိမ်းမှ ထွက်သောအရည်များသည် အသီးအရွက်များ (သို့မဟုတ်)အသင့်စား အစာများပေါ်သို့ စီးကျခြင်းက ပိုးမွှားများကို တိုက်ရိုက်ကူးစက်စေပါသည်။

*** သန့်ရှင်းရေး အားနည်းခြင်း**

ဖိတ်စင်သွားသော အသားစိမ်းအရည်များကို ချက်ချင်းမသုတ်ခြင်းနှင့် ပုံမှန်သန့်ရှင်းရေး မလုပ်ခြင်းတို့က ပိုးမွှားများအတွက် အာဟာရဖြစ်စေပါသည်။

*** အဖုံးမအုပ်ဘဲ ထည့်ခြင်း**

ဟင်းကျန်များကို အဖုံးမပိတ်ဘဲထားခြင်းက လေထုထဲမှတစ်ဆင့် ပိုးမွှားနှင့် မှိုများ စုဝေးရာဖြစ်စေပါသည်။

*** အပူချိန်မမှန်ခြင်း**

ရေခဲသေတ္တာ အပူချိန်သည် 5°C ထက် ကျော်လွန်နေပါက ပိုးမွှားများ ပွားများရန် အခြေအနေကောင်း ဖြစ်သွားပါသည်။

**၃။ ဘေးကင်းလုံခြုံရေးအတွက် လိုက်နာရမည့် နည်းလမ်းများ**

မိသားစုကျန်းမာရေးအတွက် အောက်ပါစည်းကမ်းချက်များကို လက်တွေ့ကျကျ လိုက်နာဆောင်ရွက်သင့်ပါသည်-

**က။ အပူချိန်ကို စနစ်တကျ ထိန်းညှိပါ** ရေခဲသေတ္တာ သာမန်အခန်းကို 4°C (40°F) (သို့မဟုတ်) ထိုထက်နိမ့်အောင် ထားရှိပြီး အေးခဲခန်း (Freezer) ကို -18°C (0°F) အောက်တွင် ထားရှိရပါမည်။

**ခ။ အဆင့်အလိုက် ခွဲခြားသိမ်းဆည်းပါ**

* **အပေါ်ဆုံးအဆင့်** အသင့်စား အစားအစာများ၊ ဟင်းကျန်များ (အဖုံးလုံလုံပိတ်၍ ထားရန်)။

* **အလယ်ဆင့်** နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥအမျိုးမျိုး။

* **အောက်ဆုံးအဆင့်** အသားစိမ်း၊ ငါးစိမ်း (အရည်များအောက်သို့မကျစေရန် လုံခြုံသော ဘူး(သို့မဟုတ်)အိတ်ဖြင့် ထုပ်ပိုးရန်)။

* **အောက်ဆုံးအံဆွဲ** သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ။

(ရေခဲသေတ္တာ အမျိုးအစားများအလိုက် အပေါ်ဆင့်၊ အောက်ဆင့် ခွဲခြားမှုများ ကွာခြားနိုင်ပါသည်)

> မှိုများ (Molds and Fungi) ရေခဲသေတ္တာအတွင်းရှိ စိုထိုင်းဆသည် မှို ပေါက်ဖွားရန် အကောင်းဆုံးဖြစ်ပြီး ဓာတ် မတည့်မှုများအပြင် ရေရှည်တွင် အသည်းကို ထိခိုက်စေနိုင်သော Mycotoxins မှိုဆိပ် များကို ထုတ်လွှတ်ပါသည်။

**ဂ။ သန့်ရှင်းရေးနှင့် သိုလှောင်မှု စည်းကမ်းများ အနည်းဆုံး တစ်လတစ်ကြိမ်** ရေခဲသေတ္တာတစ်ခုလုံးကို ဆပ်ပြာရည်(သို့မဟုတ်) ဗာနီဂါ (Vinegar)ဖြင့် ဆေးကြောသန့်စင်ပါ။ ချက်ပြုတ်ပြီးသား ဟင်းကျန်များကို ရေခဲသေတ္တာထဲတွင် **၃ ရက်မှ ၄ ရက်ထက် ပို၍မထားပါနှင့်။** ထို့ပြင် အစားအသောက်များကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးနောက် လက်ကို စင်ကြယ်စွာ ဆေးကြောရပါမည်။

**နိဂုံးချုပ်အားဖြင့်** ရေခဲသေတ္တာသည် အစားအစာများကို ကာကွယ်ပေးသည့် ပစ္စည်းကောင်းတစ်ခု ဖြစ်သော်လည်း စနစ်တကျ အသုံးမချတတ်ပါက ရောဂါပွားရာ အသိုက်အမြုံ ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် အပူချိန်မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ အသားစိမ်းနှင့် အသီးအရွက်ခွဲခြားထားခြင်းနှင့် ပုံမှန်သန့်ရှင်းရေးလုပ်ခြင်းတို့ကို ဂရုပြုခြင်းဖြင့် ပိုးမွှားအန္တရာယ်မှ ကင်းဝေးနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**References (ကိုးကားချက်များ)**


1. **World Health Organization (WHO).** (2020/2022). Five Keys to Safer Food Manual / Food Safety: Key Facts.
2. **Centers for Disease Control and Prevention (CDC).** (2023/2024). Listeria and Refrigerated Foods / Listeria (Listeriosis).
3. **U.S. Food and Drug Administration (FDA).** (2024). Are You Storing Food Safely? / Refrigerator Storage and Food Safety.
4. **Mayo Clinic Staff.** (2022). Food poisoning: Symptoms, Causes, and Prevention.
5. **Food and Agriculture Organization and World Health Organization (FAO and WHO).** (2023). Risk Assessment of Foodborne Pathogens.
6. **Jay, J.M., Loessner, M.J. and Golden, D.A.** (2005). Modern Food Microbiology. 7th edition.
7. **Pitt, J.I. and Hocking, A.D.** (2022). Fungi and Food Spoilage. 4th edition.


ပါမောက္ခသိန်းဇော်လင်း

## မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်ဦး ဇွန် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ညောင်ဦးခရိုင်အုပ်ပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန၊ ဦးဆောင်မှုဖြင့် ၂၀၂၆ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကုန်းတန်းကြီးကျေးရွာအုပ်စု၊ ပုဂံဘုတာကြီးဝန်းအတွင်း ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က စိုက်ပျိုးမည့်သစ်ပင်များအား ပေးအပ်ကာ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် သစ်ပင်စိုက်ပျိုးနေမှုတို့အား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

သစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပိတောက်၊ မဲဇလီ၊ မြန်မာကုက္ကို၊ ယင်းမာ၊ တမာ၊ မန်ကျည်း၊ ထနောင်း၊ မဟော်ဂနီ၊ဒဟတ်၊ ပဲချယ်ရီ သစ်မျိုး ၁၁ မျိုး စုစုပေါင်းပျိုးပင် ၁၀၀၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**





## ပဒေသာ စာမျက်နှာ

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ဒေလီ

### နန်းမူပိုသည့် မန်းသူပျို့သို့

* တစ်ပတ်လျှိုထုံး ၊ ဆင်ယဉ်နှုန်းနှင့်
ရင်ဖုံးအင်္ကျီ ၊ ဘော်ကြယ်စီကာ
ထဘီထက်ဆင့် ၊ ဆင်တိုင်းတင့်သည်
ရင်ချီမို့မို့ ၊ မြင်မိတို့တွင်
ရစ်မူးရီဝေ ၊ ဖြစ်လောက်စေသည်
အသွင်လှ၏ ၊ ယဉ်စ၏ ။

* ကြာနဲ့မွှေးမွှေး၊ ရေပြင်ဖွေးတည့်
နလုံးအေးသည့် ၊ ကျုံးနံဘေးတွင်
မှန်မှန်နေးနေး ၊ စက်ဘီးလေးနှင့်
ဆည်းဆာမဝင်ခင် ၊ စီးလာစဉ်တွင်
အပြုံးများလင်းစွာ ၊ သလုံးသားဝင်းမှာ
ရွှေခြေကျင်းနှင့် ။

* ကျုံးရေကြည်သောက် ၊ နေခြည်ဖောက်လျှင်
မြင်လောက်သည့်နယ် ၊ လည်တိုင်သွယ်၍
နတ်မိမယ်လား ၊ ထွာဆိုင်ခါးနှင့်
ယဉ်ကျေးသည့်ခင် ၊ မြင်မိစဉ်ဝယ်
သူယောင်မယ်လား ၊ ထင်မိမှားသည်
လုပ်လုအားနိုင်တော့သည် ။။

**မောင်ချစ်ဝေ(ခေမာမြေ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးခြင်းများ ဆောင်ရွက်

**သာစည် ဇွန် ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲတတ်စေရန်နှင့်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က ကန်ရှည်ကျေးရွာအုပ်စု မြေစိုကျေးရွာဓမ္မာရုံ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် ဦးစွာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်တို့က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆောင်ရွက်နေမှုများ၊ ပြည်သူတစ်ဦးချင်းက လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျသုံးစွဲရန်နှင့် တရားမဝင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမပြုကြရန်၊ အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပြုရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**
**(၄၈၇)**

## စာဖတ်ရိုန်မြှင့်တင်ရေး
## Grade -5 ကျောင်းသား၊ ကျောင်းသူများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေးအတွက် Grade -5 ကျောင်းသား၊ကျောင်းသူများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာ ဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည် တိုးတက်စေရေး၊ နှုတ်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိရုံးရှိ ပြည်သူ့စာကြည့် တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် Grade -5 ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **နောင်နောင် (မိသနိုးမြေ)**



**နောင်ချိုမြို့၊ မြို့ပေါ်ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ စားသောက်ဆိုင် (By-law)သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိတို့အား ယမန်နေ့က နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးကြပ်မတ်နေစဉ်။ (ကဆ)**





## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၅၆)၊ ဧရိယာဧက(၀ ဒသမ ၀၂၇၅)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ဘုတ်ပြားကာ တစ်ထပ်အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးတင်မိုးအောင်(၉/ပဘန(နိုင်)၁၂၂၃၃၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့်လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၈-က)၊ ဧရိယာဧက(၀ ဒသမ ၀၂၇၅)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြု ကမ်းလှမ်းရောင်းချသူ ဦးဆောင်းဟွ(၁/ဟပန(ပြု)၀၀၀၀၄၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့်လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၄)အတွင်းမှ အနောက်ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဗိုလ်ဝင်းဦး(၅/ကဘလ(နိုင်)၁၈၇၃၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့်လမ်း၄၀ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၃-က+၃-ခ+၃-ဂ)၊ ဧရိယာ(၀ ဒသမ ၀၅၄၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၃-က+၃-ခ+၃-ဂ)၊ ဧရိယာ(၀ ဒသမ ၀၅၄၉)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်မင်းမင်းထွန်း(ဘ)ဦးကျော်ဝင်း(၉/ပကခ(နိုင်)၀၀၅၂၀၉)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စွန်ကျိန်ရင်(ခ)တင်တင်ရွှေ(ဘ)ဦးယိုးရှင်း(ခ)စွန်ဘဟင်(၁၃/လရန(နိုင်)၀၉၉၉၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc , PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀A လမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၃၁)အတွင်းမှ ဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးလုံး(ဘ)ဦးရှိန်(EMDY-၃၁၆၀၂၀)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းအေး(ဘ)ဦးအောင်ညွန့်(၁၃/နခတ(နိုင်)၀၅၉၂၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc , PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀A လမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၃)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၂၈၅)ဧက အကျယ်အဝန်းရှိ ဦးသိန်းမောင်၊ မမို့ဥ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ပျဉ်ထောင်အဆောက်အအုံ(ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင် နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူများဖြစ်ကြသည့် (၁)ဒေါ်နွဲ့နွဲ့လွင်(ဘ)ဦးသိန်းမောင်(၉/မရမ(နိုင်)၀၆၁၂၆၅)၊ (၂)ဒေါ်ခင်လှသိန်း(ဘ)ဦးသိန်းမောင်(၉/မရမ(နိုင်)၀၀၈၁၉၆)၊ (၂)ဒေါ်စိုးစိုးလွင်(ဘ)ဦးသိန်းမောင်(၁၃/ကလန(နိုင်)၀၂၁၁၃၁)၊ (၄)ဦးကျော်ထက်(ဘ)ဦးကျော်သိန်း(၉/ခအစ(နိုင်)၀၀၁၂၆၆)၊ (၅)ဦးကျော်ထိုက်(ဘ) ဦးကျော်သိန်း(၉/ခအစ(နိုင်)၀၀၁၂၆၇)၊ (၆)ဒေါ်ယဉ်ယဉ်စိုး(ဘ)ဦးဉာဏ်သိုက်(၅/ကလထ(နိုင်)၁၂၆၇၈၁)၊ (၇)ဒေါ်ဟန်သွယ်ထွန်း (ဘ)ဦးစန်းထွန်း(၉/ပသက(နိုင်)၀၇၅၅၄၆)၊ (၈)ဦးသီဟအောင်(ဘ)ဦးစန်းလွင်(၉/ပကခ(နိုင်)၀၀၃၁၄၆)၊ (၉)ဒေါ်သီရိအောင်(ဘ)ဦးခင်မောင်မြင့်(၉/ခအစ(နိုင်)၀၀၇၄၀၆)၊ (၁၀)ဒေါ်သီတာပြုံး(ဘ)ဦးတင်ဝင်း(၅/ကလထ(နိုင်)၀၀၇၅၈၉)တို့က ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)** — **ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)** — **ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)** — **ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း – လမ်း၃၀နှင့်၃၁လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## မြေးတူအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄(B)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြားနေ ဒေါ်မြမြ(၉/မရတ(နိုင်)၀၉၂၃၅၂)တို့၏မြေး၊ ဒေါ်လှလှမိုး(၉/မရတ(နိုင်)၁၂၇၀၃၆)တို့၏တူ မောင်ကောင်းဇင်ပိုင်(၉/ခမစ(နိုင်)၀၆၁၇၄၂)သည် အဖွားနှင့် အဒေါ်တို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား မြေး၊ တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြ**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၃၁-က) မြေကွက်ပေါ်တွင် ဦးအိုက်စိုင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၃၃၆၉၆)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၄၀)မြေကွက်ပေါ်တွင် ဒေါ်ဝတ်ရည်မိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ကမန(နိုင်)၀၃၀၄၃၂)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၄၇)၊ ၄၉လမ်းနှင့်လမ်း၅၀ကြား၊ ၁၁၂လမ်းနှင့်၁၁၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမြင့်၏ (SP ရရှိသူ ဦးဝင်းဇော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၆၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပွဲ(ခ)အေးရွှေ(၁/မညန(နိုင်)၀၇၂၆၂၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၅၃၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော (၁)ဒေါ်သုနန္ဒာထွန်း(ဘ)ဦးကျော်ဆွေ(၈/ရစက(နိုင်)၁၂၄၀၅၈)၊ (၂)ဒေါ်စိုးလှလှမိုး(ဘ)ဦးကျော်ဆွေ(၈/ရစက(နိုင်)၁၄၁၈၇၅)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မြင့်(ဘ)ဦးထွေး(EMDY-၂၇၁၈၄၂) အမည်ဖြင့် ချထားရရှိသော မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်နန်းနွဲ့ဝင်း(ဘ)ဦးစောဝင်း(၉/မရတ(နိုင်)၁၃၀၁၀၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊၀၉-၉၄၄၉၇၂၃၃၃၊၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၇၁-က)၊ ဧရိယာ ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ကျောက်ပြားကာ (၂)ထပ် အဆောက်အအုံ၊ ရေ+မီး အစုံအလင် အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ထွေးရီ(ဘ)ဦးထွန်းခင်(၉/ခမစ(နိုင်)၀၁၄၈၄၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချသည့် စလစ်မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဖြိုးသီတာလွင် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၅၇၄၃၁)**

**(၈၈-၂၇/၁၁)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၁၁၁၂၂၂၃၊ ၀၉-၄၅၂၂၂၈၈၂၃**

## ပျောက်ဆုံးကြောင်း

ဒေါ်မြင့်နန္ဒာနွဲ့ရည်(ဘ)ဦးမောင်မောင်မြင့်လွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၈/ရနခ(နိုင်)၀၈၅၉၂၉)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်မြင့်နန္ဒာနွဲ့ရည်**

**ဖုန်း ၀၉-၅၃၄၁၂၅၃**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၅-၂၀၂၅)

မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၁၉ တွင် ဦးအောင်ဝင်း S.S (၂) ထပ်အစား S.S (၃)ထပ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့် ဈေး ဖြင့် အသက် ကယ်ပါ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်နံပါတ်(၅၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်နန်းရွှေစိန် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ပူးတွဲဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ရန်ရှောက်မန်(ဘ)ဦးရန်တဲဝေ(၁၃/လကန(နိုင်)၀၀၂၇၂၈)နှင့် ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးကျန်းချမ်းရှမ်း(၁၃/လကန(နိုင်)၀၄၇၇၂၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်နံပါတ်(၂၁+၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဦးပေတိုး အမည်ပေါက် ဂရန်မြေကွက်များအနက် ဦးပိုင်နံပါတ်(၂၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ (ဖခင်)ဦးပေတိုး ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးထွန်းအောင်ကျော်(၉/မရမ(နိုင်)၀၁၅၆၉၅)၊ ဦးဝင်းသန်း(၉/ပသက(နိုင်)၀၄၃၃၅၂)၊ ဦးသန်းထွန်း(၉/ပသက(နိုင်)၀၆၈၃၃၇)၊ ဒေါ်အေးအေးဝင်း(၉/ခမစ(နိုင်)၀၀၈၀၉၄)၊ ဦးညီညီထွန်း(၉/ခမစ(နိုင်)၀၀၈၃၁၁)နှင့် ဒေါ်သင်းသင်းထွေး(၉/ခမစ(နိုင်)၀၂၃၅၄၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဒေါ်ရွှေရည်ထွန်း(အဘ/ဦးထွန်းထွန်း) (၉ /အမဇ(နိုင်)၀၁၃၅၉၉)နှင့်ပတ်သက်၍ သုံးတွဲလဒ် အတည်ပြုပြီးကြောင်း အများသိစေရန် ကြေညာခြင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဦးဖြူသိန်းထွန်း(ခ)ဦးဆွါလေး(၁၃/မမတ(နိုင်)၀၂၉၇၀၅)မှ ကျွန်ုပ် ဦးမောင်မောင်အေး(တရားလွှတ်တော်ရှေ့နေ) အား လွှဲအပ်ညွှန်ကြားလာသဖြင့် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးဖြူသိန်းထွန်း(ခ)ဦးဆွါလေးက ဒေါ်ရွှေရည်ထွန်းနှင့် ၂၀၀၃ ခုနှစ်တွင် နေကာဟ်ပြု၍ အစ္စလာမ့်တရားတော်နှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ရာ သမီးတစ်ဦး၊ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ကလေးနှစ်ဦးမှာ အရွယ်ရောက်ရှိနေပြီဖြစ်၍ ဖခင်မှ ကလေးများ၏ ပညာသင်ကြားရေးထောက်ပံ့ခြင်းတို့ကို ဖခင်မှ ကုန်ကျငွေတစ်ဝက်ကိုပေး၍ တာဝန်ကျေပွန်ခဲ့ပြီး ဖြစ်ပါသည်။

ဇနီးဖြစ်သူ ဒေါ်ရွှေရည်ထွန်းသည် လင်ယောကျ်ားအပေါ် စိတ်ပိုင်းဆိုင်ရာ အနိုင်အထက်ပြုခြင်း၊ လူမှုဆက်ဆံရေးနယ်ပယ်တွင် စွပ်စွဲပြောဆိုမှုများ ပြုလုပ်လာသောကြောင့် ၂၀၁၉ ခုနှစ်၊ မတ်လခန့်က နေအိမ်မှ ဆင်းသည့်နေ့တွင် တွဲလဒ်(၁)ကြိမ် ပေးခဲ့ပြီး မယားစရိတ်ကိုလည်း ထောက်ပံ့ပေးကမ်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ (၆)လပိုင်းခန့်တွင် ဒုတိယတွဲလဒ်ကို ပေးခဲ့ပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်ထိ လင်မယားခန်း အဆက်အဆံ လုံးဝမရှိသောကြောင့် သုံးတွဲလဒ်အတည်ပြုကြောင်းကို ဒေါ်ရွှေရည်ထွန်းထံ ခင်ပွန်းဖြစ်သူ ဦးဖြူသိန်းထွန်းမှ ဥပဒေနှင့်အညီ စာဖြင့် အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ ယခုဆိုလျှင် လင်မယားခန်း အဆက်အဆံ မရှိသည်မှာ (၇)နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အစ္စလာမ့်တရားတော်နှင့်အညီ ရာသက်ပန် ပြတ်စဲပြီးကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**လွှဲအပ်သူ –**
**ဦးဖြူသိန်းထွန်း(ခ)ဦးဆွါလေး**
**(၁၃ /မမတ(နိုင်)၀၂၉၇၀၅)**
**ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့။**
**ဖုန်း ၀၉-၂၀၁၀၁၀၃**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၉၂/၄-၁၂-၁၉၉၅)**
**အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊ ၈၄လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၈၉၈၇၈၃၆**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်အမှတ်(၅)၊ မြေကွက်ပေါ်တွင် ဒေါ်ဝင်းကြွေရှန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/နခန(နိုင်)၀၅၅၅၈၇)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၁၅-က)၊ မြေကွက်ပေါ်တွင် ဦးကျန်းရှောက်ကြာ(ခ)တုံဖာ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/ကလတ(နိုင်)၀၂၃၁၇၅)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၁၂)၊ မြေကွက်ပေါ်တွင် ဦးစိုးမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/နခန(နိုင်)၀၀၀၀၉၇)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၇)၊ ဦးပိုင်အမှတ်(၄၄)၊ မြေကွက်ပေါ်တွင် ဒေါ်သင်းသင်းမြတ် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/တယန(နိုင်)၀၄၁၇၁၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကလေး- တမူးလမ်းကြောင်း ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆောင်ရွက်စဉ်

## PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ရာဇဂြိုဟ်ကျေးရွာနှင့် ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၁၄

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး- တမူးလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကလေး-တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဇွန် ၁၃ ရက် ညနေပိုင်းတွင် ကလေးဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော စစ်ကြောင်းသည် ရာဇဂြိုဟ်ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်



သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရာဇဂြိုဟ်ရေလှောင်တမံအား ထိန်းချုပ်ထားစဉ်အတွင်း အဆိုပါရေလှောင်တမံကြီး၌ ဘန်ကာများ၊ ပစ်ကျင်းများပြုလုပ်၍ စစ်စခန်းအဖြစ် အသုံးပြုလျက်ရှိသည့်အပြင် ပြည်သူများ၏ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးများအတွက် ထောက်ထားငဲ့ညှာမှုမရှိဘဲ ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက်သာ လိုအပ်သလိုအသုံးချပြီး ရေထိန်းတံခါးများအား ဖွင့်ခြင်း/ပိတ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ လျှပ်စစ်မီးမရရှိခြင်း၊ သောက်သုံးရေဖူလုံစွာမရရှိခြင်းနှင့် စိုက်ပျိုးရေဖူလုံစွာမရရှိခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်သမားများ ယာယီစိုးမိုးထိန်းချုပ်ထားခဲ့သည့်

စာမျက်နှာ ၁၀ သို့ ☆

တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းပေါ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

## တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းကို ရတနာပုံ အမျိုးသမီးအသင်း ခေါ်ယူ



ရန်ကုန် ဇွန် ၁၄

ရတနာပုံ အမျိုးသမီးဘောလုံးအသင်းသည် လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အင်အားအကောင်းဆုံး ပုံဖော်မောင်းနှင်ရန်အတွက် မြန်မာအမျိုးသမီးလိဂ်၏ ဂိုးသွင်းအများဆုံး စံချိန်ရှင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းအား တရားဝင်ခေါ်ယူစာချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သော ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ပြည်တွင်း၊ ပြည်ပကလပ်များတွင် အောင်မြင်မှုများစွာ ရယူထားနိုင်ခဲ့သည့် အတွေ့အကြုံရင့် ကစားသမားတစ်ဦးဖြစ်ပါသည်။ မြန်မာအမျိုးသမီးလိဂ် သမိုင်းတစ်လျှောက် ဂိုးအများဆုံး သွင်းယူထားသည့် All-Time Top Scorer ဖြစ်သလို အိန္ဒိယကလပ် Lords FA တွင် ကစားစဉ်ကလည်း ၁ ပွဲတည်း ၁၅ ဂိုးသွင်း၊ ၅ ဂိုး ဖန်တီး ပေးကာ အဆိုပါလိဂ်၏ ဂိုးသွင်းအများဆုံးဆုနှင့် ဂိုးဖန်တီးမှုအများဆုံးဆုများကိုပါ တစ်ပြိုင်တည်း ဆွတ်ခူးခဲ့သည့် စံချိန်မှတ်တမ်းကောင်းများ ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။

အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားစသည့် ပြည်ပလိဂ်များတွင် သွားရောက်ကစားကာ နိုင်ငံတကာအတွေ့အကြုံများရှိသည့် ဝင်းသိင်္ဂီထွန်းသည် အသစ်ဖွဲ့စည်းလိုက်သော ရတနာပုံ အမျိုးသမီးအသင်း၏ လာမည့်ရာသီသစ်အတွက် အတောင့်တင်းဆုံးနှင့် အကြီးမားဆုံးသော အားဖြည့်မှုတစ်ရပ်ဖြစ်လာစေမည်ဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီးကလပ်အသင်းများဖြစ်သည့် မြဝတီ၊ သစ္စာအားမာန်နှင့် ရန်ကုန်ယူနိုက်တက်အသင်းများတွင် ကစားခဲ့ဖူးပြီး ယခုအခါ ပြည်တွင်းကလပ်လေးသင်းမြောက် ရတနာပုံအသင်းတွင် ကစားသွားမည်ဖြစ်သည်။

(NGB)



## AFC-MFF MC Seminar and LOC Workshop ကျင်းပပြီးစီး

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူး၍ လူစွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာစေရန်နှင့် ပြည်တွင်းပြည်ပ ဘောလုံးပွဲစဉ်များကို စနစ်တကျ တာဝန်ယူဆောင်ရွက်နိုင်မည့် ပြိုင်ပွဲကြီးကြပ်သူ Match Commissioner (MC)များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် AFC-MFF MC Seminar and LOC Workshop မှာ ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ တက်ရောက်ခဲ့ကြသူများအား အာရှဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်တာဝန်ရှိသူများမှ Certificate များအသီးသီး ဂုဏ်ပြုပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ စနစ်တကျ ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် အာရှဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူနှင့် သင်တန်းနည်းပြဆရာ Mr. Brian See Mei Chiat က အနီးကပ် လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(နိုင်ကမ္ဘာ)

## မေထက်လူကို ရှောဝတီအမျိုးသမီးအသင်းခေါ်ယူ

ရန်ကုန် ဇွန် ၁၄

၂၀၂၆-၂၀၂၇ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ရှောဝတီအမျိုးသမီးအသင်း မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး မေထက်လူကို ခေါ်ယူခဲ့ကြောင်း အတည်ပြုသတင်းထုတ်ပြန်ခဲ့သည်။

မေထက်လူသည် အမေရိကန်နိုင်ငံ၌ ပညာသင်ကြားရင်း ဆီမီးပရိုလိဂ် အမျိုးသမီး ကလပ်များတွင် ကစားနေသူဖြစ်ပြီး ပြည်တွင်းကလပ်အသင်းနှင့် ပထမဆုံး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ မေထက်လူသည် ၂၀၂၅ ခုနှစ်တွင် အာရှအမျိုးသမီးချန်ပီယံလိဂ်ခြေစစ်ပွဲကစားမည့် အား/ကာသိပ္ပံ အသင်းအတွက် ကာလတို နှစ်ပွဲကစားဖူးသော်လည်း ရှောဝတီအသင်းနှင့်ပထမဆုံး ပရိုစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရှောဝတီ အမျိုးသမီးအသင်းသည် ရာသီသစ်အတွက် လက်ရွေးစင်ကစား သမားများဖြစ်သည့် နောက်ခံလူဖြူဖွေးနှင့် တိုက်စစ်မှူး မေထက်လူ၊ နိုင်ငံခြားသား ကစားသမားများအဖြစ် ထိုင်းလူငယ်ကစားသမား ခိုပွန်၊ ဖိလစ်ပိုင်လက်ရွေးစင်ကစားသမား အလစ်ဆာအူဘေးနှင့် ဘင်္ဂလားဒေ့ရှ်ကစားသမား ရီတုပေါ်နာချက်မားတို့ သုံးဦးအား ခေါ်ယူထားသည်။

ထို့ပြင် ရှောဝတီအမျိုးသမီးအသင်းသည် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် အသင်း(၁၀)သင်းထဲတွင် နိုင်ငံခြားကစားသမားများ ခေါ်ယူထားသည့် တစ်သင်းတည်းသော အသင်းလည်းဖြစ်လာခဲ့သည်။

(NGB)

